# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၀)ရက် ၊ တနင်္လာနေ့ ၊ (7-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၃၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"သို့ တက်ရောက်၍ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား




**နေပြည်တော် စက်တင်ဘာ ၆**

နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရန် ရည်ရွယ်ကျင်းပသည့် **"မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"**ကို ယနေ့မွန်းလွဲပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Melia Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ပြီး

စာမျက်နှာ ၁၆ ကော်လံ ၁

**ဆွေးနွေးပြောကြား**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်"တွင် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာကို စာမျက်နှာ ၂၆ ကော်လံ ၁

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၂၆ ကော်လံ ၄

**ရတနာပုံ**

**ယနေ့ဖတ်စရာ**

**ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မြှင့်တင် သတ္တမမြောက်ခရီးစဉ်**

ဆောင်းပါး စာမျက်နှာ - ၂၀

**ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းမြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ - ၁၈

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၇ ရက်
အယ်ဒီတာ့အာဘော်

# အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့

ကမ္ဘာကြီးကို မြေထု၊ ရေထု၊ လေထုဟူသော အလွှာကြီးများဖြင့် ဖွဲ့စည်းလွှမ်းခြုံထားသည်။ မြေထု၊ ရေထု၊ လေထုတို့သည် လူအပါအဝင် သတ္တဝါတို့အတွက် သဘာဝ၏ အခမဲ့လက်ဆောင်များပင်ဖြစ်သည်။ ထိုအခမဲ့ လက်ဆောင်များထဲမှ လေထုသည် လူအပါအဝင် သတ္တဝါအားလုံးတို့အတွက် အရေးကြီးလှပေသည်။ လူအပါအဝင် သတ္တဝါအားလုံးတို့သည် လေကိုရှူရှိုက်၍ အသက်ရှင်နေထိုင်ကြရသည်။ မျက်မှောက်ကာလတွင် လူသားတိုင်း နေ့စဉ်ရှူရှိုက်နေသော လေထုထဲတွင် အောက်ဆီဂျင်နှင့်အတူ အခြားဓာတ်ငွေ့များလည်း ပါဝင်လျက်ရှိသည်။ ဖန်လုံအိမ်ဓာတ်ငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုက်တို့ကဲ့သို့ ဓာတ်ငွေ့များက လေထုညစ်ညမ်းမှုကို ဖြစ်စေသဖြင့် လေထုညစ်ညမ်းမှုမဖြစ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ လေထုအရည်အသွေးကောင်းမွန်နေစေရန်နှင့် လေထုညစ်ညမ်းမှု ဖြေရှင်းဆောင်ရွက်မှုများ တိုးတက်လာစေရန်ရည်ရွယ်၍ ၂၀၁၉ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၇၄ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက စက်တင်ဘာ ၇ ရက်ကို အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယနေ့သည် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ဖြစ်သည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့၏ ဆောင်ပုဒ်မှာ **"ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေ ဖန်တီးစို့"**ဟူ၍ ဖြစ်သည်။

လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုသည် အပြန်အလှန်ဆက်နွှယ်နေသည်။ အထူးသဖြင့် ရုပ်ကြွင်းလောင်စာ များစွာလောင်ကျွမ်းအသုံးပြုခြင်းမှ ထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဖန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ဖြစ်စေသည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းနှင့် ရာသီဥတုပုံစံများပြောင်းလဲလာခြင်းတို့ကြောင့် အပူလှိုင်းများ၊ မိုးခေါင်မှုများ၊ ရုတ်တရက်ရေကြီးရေလျှံမှုများနှင့် အခြားပြင်းထန်သော သဘာဝဘေးများ ပိုမိုဖြစ်ပေါ်စေနိုင်သည်။

လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရန်အတွက် စွမ်းအင်သုံးစွဲမှုပုံစံကို ပြောင်းလဲရန် အရေးကြီးသည်။ ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့သော ရုပ်ကြွင်းလောင်စာများအပေါ် အလွန်အမင်းမှီခိုနေခြင်းကိုလျှော့ချပြီး နေရောင်ခြည်၊ လေစွမ်းအင်နှင့် အခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပိုမိုအသုံးပြုလာနိုင်ရန် လိုအပ်သည်။

ထို့ပြင် ရာသီဥတုကောင်းမွန်ပြီး သန့်ရှင်းသောလေထု ရရှိစေရန်အတွက် သစ်ပင်စိုက်ပျိုးခြင်း၊ လေထုညစ်ညမ်းမှုလျှော့ချခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အားလုံးပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်သည်။ လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရန်အဓိကအချက်မှာ သစ်ပင်များစိုက်ပျိုးခြင်းပင်ဖြစ်သည်။ သစ်ပင်များသည် လေထုထဲရှိ လူတို့အတွက် အန္တရာယ်ဖြစ်စေနိုင်သော ကာဗွန်ဒိုင်အောက်ဆိုက်ကို များစွာစုပ်ယူနိုင်ပြီး လိုအပ်သောအောက်ဆီဂျင်ကို ထုတ်ပေးသည်။ ထို့ကြောင့် မိမိတို့၏ခြံဝင်းအတွင်းနှင့် ပတ်ဝန်းကျင်တို့တွင် သစ်ပင်စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေသည့်အပြင် လေကောင်းလေသန့်ရရှိကာ လေထုညစ်ညမ်းမှုကိုလည်း တိုက်ဖျက်ရာ ရောက်ပေသည်။

သို့ဖြစ်ရာ ကမ္ဘာ့လူသားတိုင်းအပါအဝင် သက်ရှိသတ္တဝါများ သက်တမ်းစေ့အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် လေထုညစ်ညမ်းမှုပြဿနာများကို အထူးအလေးထားဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် သန့်ရှင်းသောလေထုရရှိရေးအတွက် ပြည်သူတစ်ဦးတစ်ယောက်ချင်းမှအစ ပြု၍ သစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊ လေထုညစ်ညမ်းမှုဖြစ်စေသည့် အလေ့အကျင့်များ လျှော့ချခြင်းတို့ကို အလေးအနက်ထားဆောင်ရွက်ကြခြင်းဖြင့် သန့်ရှင်းသောလေထုကို တစ်ဖက်တစ်လမ်းက ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၂၉၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**တမူး စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၂၉၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၁၀၀၀၊ တမူးမြို့နယ်တွင် ၂၂၉၅ ဧက၊ ခါမ်းပါတ်မြို့နယ်တွင် ဧက ၁၀၀၀ စုစုပေါင်း ၄၂၉၅ ဧက တို့ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ မြေထောက်ပဲ ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မြေထောက်ပဲကို အထွက်နှုန်းနဲ့အရည်အသွေး ကောင်းမွန်ဖို့အတွက် တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက် ပေးသွားပါမယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

တမူးခရိုင်တွင် မြေထောက်ပဲစိုက်တောင်သူများ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး လုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးစိမ်း အလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ပန်းတနော် စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးစိမ်း အလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်မာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ကွမ်းသီးစိမ်း အလုံးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကွမ်းသီးစိမ်းအလုံးရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လက်ရှိမှာ ကွမ်းသီးစိမ်း အလုံးရေ ၁၀၀ ကို အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၁၉၅၀၀ မှ ၂၂၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးစိမ်းတွေ အများအပြား တင်ပို့ရောင်းချအား ကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေလဲ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်လုပ်ကိုင်နေကြရပါတယ်" ဟု ပန်းတနော်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်မာက ပြောပြသည်။ **ကျော်ကျော်လင်း**

# စဉ့်ကိုင်မြို့နယ် ကသဲစုကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကသဲစုကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကသဲစုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်နေသော စိန်ရွှေတိုးအဖွဲ့၊ တိုးတက်အောင်အဖွဲ့၊ အောင်မြင်ချမ်းသာအဖွဲ့နှင့်အောင်မြင်ကြသူများအဖွဲ့ လေးဖွဲ့မှ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက RBF စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ RBF စီမံကိန်း ရန်ပုံငွေကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီး ရရှိစေရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၁၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် သနပ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သနပ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သနပ်ကန်ကျေးရွာ၌ စီမံကိန်း ရန်ပုံငွေကျပ် ၄၃ ဒသမ ၂၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သနပ်ကန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၁ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၂၀ ဒသမ ၂ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို ရန်ပုံငွေကျပ် ၄၃ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# သထုံမြို့နယ် ဒဂ်ါးဆိပ်ကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သထုံ စက်တင်ဘာ ၆**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒဂ်ါးဆိပ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)အကြောင်းကို မိတ်ဆက် ရှင်းလင်းပြောကြားပြီးနောက် စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ဆက်လက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးညဏ်မိုးနိုင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ စီမံကိန်းကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၅၁၇၈ ဧကစိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၅၁၇၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၃၅၆၅ ဧကနှင့် ဖူးစားပြောင်း ၁၆၁၃ ဧက စုစုပေါင်း ၅၁၇၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၅၁၇၈ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မြစ်သားမြို့နယ် ကူဖြူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**မြစ်သား စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူဖြူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်း ကော်မတီဝင်များနှင့်တွေ့ဆုံကာ ကူဖြူကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကူဖြူကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက် လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေပြွန်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို VDP ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၅၅ သန်းတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ် ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက် မနောသုခဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ဒေသထွက် မနောသုခဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ဒေသထွက် မနောသုခဆန်များ ဩဂုတ်လစတုတ္ထပတ်မှ ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ မနောသုခဆန်များ တစ်ရက်လျှင် ၂၄ ပြည်ဝင်အိတ်ရေ ၁၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မနောသုခဆန်က အခြားဆန်တွေထက် တော်တော်လေးအရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှုအားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ် ကောင်းလာတာပါ။ အရောင်းအဝယ်ကောင်းလာတော့ ဆန်စပါးလုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ အဆင်ပြေလာပါတယ်။လက်ရှိဒေသထွက် မနောသုခဆန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူတာများလာပါတယ်။ မနောသုခဆန်တွေ အရောင်းအဝယ်ကောင်းနေတော့ တောင်သူတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာပါတယ်"ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် မနောသုခဆန်အပါအဝင် အခြားဆန်များကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မနောသုခဆန်များ အရောင်းအဝယ်ကောင်းမွန်နေသောကြောင့် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ထိရောက်မှု

ချစ်နိုင်(စိတ်ပညာ)

လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ ကျော်လောက်က ဖဆပလညီလာခံကို ဂုဏ်ပြုအားပေးတဲ့ တေးသီချင်း အသစ်ရေးသားသီဆိုစေတဲ့ ပြိုင်ပွဲတစ်ခု ကျင်းပခဲ့ပါသတဲ့။ ဒီပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရခဲ့သူကတော့ တေးရေးသူ ဗိုလ်ကလေးတင့်အောင်နဲ့ ဂီတလုလင်မောင်ကိုကိုရဲ့ တီးဝိုင်းမှသီချင်းပါ။ အစ်ကိုလေး ဗိုလ်ကလေးတင့်အောင်က သူဆုရခဲ့တဲ့ သီချင်းအကြောင်းကို ဂုဏ်ယူပြောလေ့မရှိပါဘူး။ သူကော သူညီ ဂီတလုလင်မောင်ကိုကိုရော အဲဒီရွှေတံဆိပ်ဆုရခဲ့တဲ့ သီချင်းထဲက စကားလုံးအချို့နဲ့ တစ်ပိုင်းတစ်စလောက်ပဲ မှတ်မိပါတော့တယ်။ အစအဆုံး ဆိုနိုင်အောင် မမှတ်မိကြတော့ပါဘူး။

မြန်မာ့အသံခေတ်ပြား မော်ကွန်းတိုက်တို့ အမျိုးသားမော်ကွန်းတိုက်တို့မှာ ရှာဖွေရင်တော့ တွေ့ကောင်းတွေ့နိုင်ပါလိမ့်မယ်။ ရှိကောင်း ရှိနေနိုင်ပါသေးတယ်။ သို့ပေမယ့် နှစ်တွေကြာလာတော့ နားထဲအသည်းထဲ စွဲကျန်ရစ်လောက်အောင် မထိရောက်ခဲ့ကြောင်းကတော့ သေချာပါတယ်။ နှစ်ပေါင်းများစွာသဘင်၊ ဂီတ၊ အနုပညာကို အားပေးတဲ့အနေနဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ အစိုးရက နှစ်ပေါင်းများစွာ အကြိမ်များစွာ ကျင်းပပေးခဲ့ပါရဲ့။ အဲဒီအထဲက ပြည်သူလူထုကြားသို့ ထိထိရောက်ရောက် နှစ်သက်စေခဲ့တဲ့ ဆုရတေးသီချင်း ဘယ်နှပုဒ်ပေါ်ထွက်ခဲ့သလဲ။ စာရေးသူ မသိပါ။ အကဲဖြတ်တေးရေးဒိုင်အဖွဲ့မှာတော့ ဆရာကြီး ဗိုလ်ကလေးတင့်အောင် ဦးဆောင်အကဲဖြတ်ရွေးချယ်ပေးခဲ့တာတော့ မှတ်မိနေတယ်။ ထားပါတော့လေ။

၁၉၅၀ ကာလဆီက ဖဆပလညီလာခံ တေးရေးပြိုင်ပွဲမှာ သူက ရွှေတံဆိပ်ဆုရခဲ့ပေမယ့် အဲဒီပြိုင်ပွဲမဝင်ပေမယ့် ဖဆပလခေါင်းဆောင် မန္တလေးသားဗိုလ်ခင်မောင်ကလေးက ရေးပေးဖို့ ဆရာမြို့မငြိမ်း (၁၉၀၉–၁၉၅၅)ကို ပြောလို့ရေးတဲ့ **"လူ့ချွန်လူကောင်း"** သီချင်းကတော့ ဖဆပလပါတီကောင်းကြောင်းလည်း တစ်လုံးမှမပါဘဲနဲ့ ယနေ့ထိတိုင်ပဲ အဆိုတော်အဆက်ဆက် သီဆိုနေလိုက်ကြတာများ ကြည့်ကြပါအုံး၊ ကိုအံ့ကြီး၊ ဦးဖူးအုံ၊ မာမာအေး၊ သုမောင်၊ လွှမ်းမိုး၊ သန်းမြတ်စိုး၊ စိုးစန္ဒာထွန်း၊ ဇော်ဝမ်း၊ ကိုမင်းနောင် စသဖြင့် မြန်မာ့အသံတီးဝိုင်း၊ ယဉ်ကျေးမှုတီးဝိုင်း၊ မန္တလေးမြို့မတီးဝိုင်း၊ မြန်မာ့ဆိုင်းအဖွဲ့ ဆိုင်းဆရာများ၊ ဆိုင်းအဆိုတော်များယနေ့တိုင်အောင် ဆိုကြ တီးကြဆဲပါပဲ။

အစ်ကိုလေး ဗိုလ်ကလေးတင့်အောင်က လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ကျော်က မဟေသီမဂ္ဂဇင်းမှာ ရေးခဲ့ဖူးပါရဲ့။ "ပန်းဝက်ပါပြဇာတ်များ" စာအုပ်မှာလည်း ဆုရခဲ့တဲ့သူ့ထက် ဆရာမြို့မငြိမ်းရဲ့ လူ့ချွန်လူကောင်းသီချင်းကသာ အနုပညာစွမ်းရည် ထိရောက်မှု(ပကတိအခြေအနေအရ) အောင်မြင်ခြင်းဟာ ဆုရတာ၊ မရတာနဲ့ မဆိုင်ကြောင်း ရေးထားပါတယ်။ ဇရာ၊ ဂျင်မလေးဂျမ်း၊ သံယောဇဉ်၊ တက္ကသိုလ်ကျောင်းသူတစ်ဦး စတဲ့တင်ကျန်ရစ်တဲ့ တေးသီချင်းကောင်းများစွာ ရေးသားပြုစုခဲ့သူရဲ့ ရိုးသားဖြောင့်မတ်စွာ ဝန်ခံခဲ့တဲ့ ဆရာကြီးဗိုလ်ကလေးတင့်အောင် (၁၉၂၂–၂၀၂၂)ပါ။ လူပုဂ္ဂိုလ်ချင်းရဲ့ ဂီတပါရမီ၊ အရည်အသွေးတို့ကို နှိုင်းယှဉ်ဆိုလိုခြင်းမဟုတ်ပါ။ အလင်္ကာကျော်စွာ မြို့မငြိမ်း (၁၉၀၅–၁၉၅၅)ရေးဖွဲ့သီကုံးခဲ့တဲ့ **"လူ့ချွန်လူကောင်း"**တေးလက်ရာတစ်ပုဒ်ဟာ နိုင်ငံနဲ့ လူမျိုးအတွက် မရိုးနိုင်အောင် စိတ်ဓာတ်ခွန်အား နှိုးကြားမြင့်မားစေတယ်ဆိုတဲ့ ထိရောက်မှုကို ထင်ရှားအောင် သာဓကဆောင်ခြင်းဖြစ်ပါတယ်။ အားလုံးမြင်တဲ့ကြားတဲ့ ဥပမာပါ။

**❖ ထိရောက်မှုရှိအောင် မိမိလုပ်တဲ့အလုပ်ကို တန်ဖိုးထားမြတ်နိုးတဲ့ စိတ်သဘောထားလည်း ရှိဖို့လိုပါတယ်။ ဆရာအောင်သင်းရေးတဲ့ "ကန့်ကူလက်လှည့်"ဆိုတဲ့ ဆောင်းပါးလေးဟာ စာသင်တဲ့အလုပ်တာဝန်ကိုလုပ်ဆောင်နေကြတဲ့ ကျောင်းဆရာ၊ ကျောင်းဆရာမများအတွက် လက်တွေ့စံနမူနာပြ သင်ရိုးညွှန်းတမ်းတစ်အုပ်ပါပဲလို့ ညွှန်းပါရစေ။ ဆရာ အတတ်ပညာမှာ နှစ်ပေါင်းရှည်ကြာလေ့လာမှ သိနိုင်တဲ့ လျှို့ဝှက်ချက်တွေကို "ကန့်ကူလက်လှည့်"ဆိုတဲ့ ဆရာအောင်သင်းရဲ့ စာအုပ်တစ်အုပ်ကို ဖတ်လိုက်ပြီးတာနဲ့ အတော်ကြီး လုံလောက်ထိရောက်သွားကြောင်း တွေ့ရပါလိမ့်မယ်။ ❖**

စာရေးသူ (၂၀၂၅)ခုနှစ်မှာ ရေးခဲ့တဲ့ "ပရိသတ်ကို ဟောပြောမယ့်သူ"ဆောင်းပါး(ဟောပြောသူလက်စွဲ၊ စာ–၃၀)မှာ အောက်ပါအတိုင်း ရေးသားထားတာ တွေ့ရပါတယ်–

"မှတ်စုတို ကတ်ပြားလေးများနဲ့ ပြောလေ့ရှိတာက ဆရာမောင်ဆုရှင်၊ ဆရာအောင်သင်း၊ ဆရာမ ဒေါက်တာမတင်ဝင်း၊ ဆရာမင်းယုဝေ စတဲ့ဆရာကြီး၊ ဆရာမကြီးတွေဖြစ်ပြီး အတုယူစရာ ရပါတယ်။ တိကျတယ်၊ ရှင်းလင်းတယ်။ အစီအစဉ်ကျနတယ်။ အချိတ်အဆက် ထိမိတယ်။ **ရည်ရွယ်ချက်ထိရောက်ကြတယ်။** ပရိသတ်အတွက် တန်ဖိုးရှိတဲ့စကားကောင်းတွေ၊ ဗဟုသုတတွေ၊ စိတ်ဓာတ်ခွန်အားတွေ ရရှိစေပါတယ်"တဲ့။

ကိုယ်လုပ်တဲ့အလုပ်ကို ထိရောက်အောင်မြင်ချင်ရင် တကယ်မလုပ်ခင် စနစ်တကျကြိုတင်ပြင်ဆင်ရတယ်။ ပရိသတ်ကို လေးစားချစ်ခင်သောအားဖြင့် ကြိုတင်စုဆောင်းပြုစုခဲ့ရတယ်။ ကြိုတင်ပြင်ဆင်စီစဉ်ခဲ့လို့ အစကတည်းက မိမိကိုယ်မိမိ ယုံကြည်မှုလည်း ရှိတယ်။ မိမိကိုယ်ကို ယုံကြည်မှုရှိတော့ ကိုယ်ပြုလုပ်တဲ့အလုပ်ကို ပေါ့ပေါ့ပါးပါး လွတ်လပ်ကျေနပ်တဲ့ ခံစားမှုလည်းရတယ်။ တိတိကျကျ အထောက်အထားခိုင်မာတာကိုအခြေခံပြီး ဟောပြောလေတော့ အနှစ်သာရပြည့်ဝပြီး အကြောင်းအချက်တွေကလည်း ခိုင်မာတယ်။ အားကျအတုယူစရာ ကောင်းလှပါတယ်။

ထိရောက်မှုရှိအောင် မိမိလုပ်တဲ့အလုပ်ကို တန်ဖိုးထား မြတ်နိုးတဲ့ စိတ်သဘောထားလည်း ရှိဖို့လိုပါတယ်။ ဆရာအောင်သင်းရေးတဲ့ **"ကန့်ကူလက်လှည့်"**ဆိုတဲ့ ဆောင်းပါးလေးဟာ စာသင်တဲ့အလုပ်တာဝန်ကိုလုပ်ဆောင်နေကြတဲ့ ကျောင်းဆရာ၊ ကျောင်းဆရာမများအတွက် လက်တွေ့စံနမူနာပြ သင်ရိုးညွှန်းတမ်းတစ်အုပ်ပါပဲလို့ ညွှန်းပါရစေ။ ဆရာအတတ်ပညာမှာ နှစ်ပေါင်းရှည်ကြာလေ့လာမှ သိနိုင်တဲ့ လျှို့ဝှက်ချက်တွေကို "ကန့်ကူလက်လှည့်"ဆိုတဲ့ ဆရာအောင်သင်းရဲ့ စာအုပ်တစ်အုပ်ကို ဖတ်လိုက်ပြီးတာနဲ့ အတော်ကြီးလုံလောက် ထိရောက်သွားကြောင်း တွေ့ရပါလိမ့်မယ်။

တောင်တွင်းကြီးက ဆရာဦးဟန်တင်ဆိုတဲ့ သူ့သူငယ်ချင်း မူလတန်းပြဆရာတစ်ယောက်ရဲ့ ပုံရိပ်လွှာကို ဦးအောင်သင်းက ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနမှာ နည်းပြဆရာလုပ်နေချိန် မိမိမွေးဇာတိ၊ ကိုယ့်မြို့၊ ကိုယ့်ကျောင်းကို လာလည်တဲ့အခိုက်လေး၊ တစ်ချိန်က ချစ်ခင်ရင်းနှီးခဲ့ကြတဲ့ လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာတစ်ယောက် မူလတန်း၊ သူငယ်တန်း ကလေးတွေကို စာသင်နေပုံ စာပန်းချီခြယ်သထားခြင်းပါ။ ဆရာအောင်သင်းဟာ စာရေးလည်းကောင်း၊ အဟောအပြောလည်း ကောင်းတဲ့အပြင် စာအသင်အပြ ကောင်းလှတဲ့ ကျောင်းဆရာတစ်ယောက်ပါ။ သူကိုယ်တိုင် စာသင်ကောင်းကြောင်း နာမည်တစ်လုံးပိုင်ဆိုင်ထားတဲ့ ဆရာကြီး ဦးအောင်သင်းက ပန်းချီသရုပ်ပြဆရာမှ မူလတန်းပြဆရာအနေနဲ့ ဝင်လုပ်နေရသူ သူငယ်ချင်းရဲ့ သင်ကြားပြသမှုစွမ်းရည်မြင့်မားထက်မြက်ပုံ၊ **ထိရောက်မှု**ကို သရုပ်ဖော်ရေးဖွဲ့ထားတာ ပညာရေးလောက၊ ဆရာ၊ ဆရာမတိုင်း ဖတ်ရှုသင့်တဲ့ ဆောင်းပါးလေးတစ်ပုဒ်ပါ။

ဆရာ၊ ဆရာမဆိုတာ ဒီအတန်း၊ ဒီကလေးတွေကို ဒီပြဋ္ဌာန်းချက်၊ ဒီဘာသာ၊ ဒီစာအုပ်သင်ပေးရမယ်။ ဒါပဲဆိုတဲ့ အလုပ်တစ်ခုအနေနဲ့သာ ဝတ်ကျေတမ်းကျေလုပ်နေကြတဲ့သူသာ များနေကြတဲ့အခြေအနေမျိုးမှာ ကျောင်းလာရတာမပျော်လို့ အဆက်မပြတ် အသံပြဲကြီးနဲ့ အော်ငိုနေတဲ့ ကျောင်းတက်စကလေးတစ်ယောက်ကို မငိုအောင် ဘယ်လိုလုပ်မလဲ။ ကျောင်းပျော် ကျောင်းသားလေးတွေ ဖြစ်လာအောင် ဘယ်လိုဆွဲဆောင်ရသလဲ။ ဝလုံးလေးတွေ ဝိုင်းဝိုင်းရေးတတ်အောင်၊ ရေးချင်လာအောင် ဘယ်လို သွယ်ဝိုက်တဲ့အနုပညာနည်းနဲ့ ရင်းရင်းနှီးနှီး သင်ကြားပြသရသလဲ။ တွေ့ရပါမယ်။

ဆရာ၊ ဆရာမတွေ ပြောတော့ပြောနေကြတဲ့ "Learner's Centered.သင်ယူသူဗဟိုပြုစနစ်"လို့ ဆိုပြီး အချိန်ကျရင်ဝင်၊ ကိုယ်သင်ချင်တာသင်၊ အချိန်စေ့လို့ ခေါင်းလောင်းတီးရင် စာသင်ခန်းထဲကထွက်သွား။ ကျောင်းသားတပည့်ရဲ့ နာမည်လေးတောင် ခင်မောင်ဝင်းလား၊ တင်မောင်ဝင်းလား၊ တင်အောင်လင်းလား (တစ်နှစ်ကုန်သာသွားရော) နာမည်မှန်အောင် မခေါ်နိုင်တဲ့ ဆရာမမျိုးနဲ့ တိုးနေကြလေတော့ ခက်တာပေါ့။

အမေ့ရင်ခွင်နဲ့ အိမ်တံစက်မြိတ်က ထွက်လာရပြီး စိတ်မပါ လက်မပါ စာသင်ခန်းထဲငေးငိုင် အိပ်ငိုက်နေတဲ့ ကလေးသူငယ်တွေကို သံပြိုင်အော်ဟစ် သီဆိုချင်စရာ ကဗျာတေးလေးတွေနဲ့ ပျော်ရွှင်အောင် ထိန်းဖို့ဆိုတာ ခက်ခဲနက်နဲတဲ့ **"ဆရာအတတ်ပညာအနုပညာ"**ပေပဲ။ ကိုယ်ကိုယ်တိုင် တန်ဖိုးထားပြီး တတ်မြောက်ကျွမ်းကျင်အောင် မလုပ်နိုင်ရင် စာသင်တဲ့အလုပ်ဟာ ဘာအရည်အသွေးရှိမှာလဲ။ ဝလုံးလေးတောင် ဝိုင်းအောင်ရေးတတ်ဖို့ မသင်မပြတတ်တဲ့ ဆရာ၊ ဆရာမတွေကြောင့် လက်ရေးပဲပင်ပေါက် ဖရိဖရဲတွေနဲ့ မြန်မာစကားတောင် ပီပီသသ တိတိကျကျ မရေးတတ် မဖတ်တတ်တဲ့ ကလေးတွေ။ အလယ်တန်းရောက်တဲ့အထိ ဠ ဍ ဎ ဋ ကို မျက်နှာဘယ်ဘက်လှည့်မှန်းမသိ။ ခြေထောက်ဘယ်ဘက်ထိုးမှန်းမသိ။ လက်မှတ်ထိုးပြီး အောက်မှာသူရေးလိုက်တာက– **ငှက်ကဥ** တဲ့။ ယနေ့ အဲသလိုအုပ်ကြီးတွေက ရပ်ကွက်ကျေးရွာတွေကို အုပ်ချုပ်နေလေတော့ တိုင်းပြည်တိုးတက်ဖို့ရာ နီးပြီလား။ ဝေးသေးလား။

တစ်ခါက တက္ကသိုလ်အနီး ကျောင်းသွားရာလမ်းဘေးက တောင်သူ အဖွားအိုလှမ်းထားတဲ့နှမ်းကို ကျောင်းသွားရင်း နှိုက်ယူသွားပြီးစားတဲ့ ကျောင်းသားကို ဒိသာပါမောက္ခဆရာကြီးက ရိုက်ပြီးဆုံးမသတဲ့။ အရိုက်ခံရတဲ့ကလေးဟာ နောင်တစ်ချိန်ကြီးလာတော့ ရှင်ဘုရင်ဖြစ်လာသတဲ့။

ငါကြီးလာလို့ မင်းဖြစ်ခဲ့ရင် ငါ့ကိုရိုက်ခဲ့တဲ့ ဒီဆရာကြီးကို ငါသေဒဏ်ပေးမယ်လို့ စိတ်ထဲမှာ စွဲမှတ်ခဲ့တဲ့ ဘုရင်ဟာ ဆရာဒိသာပါမောက္ခကို ခေါ်စေပြီး "သင် ငါ့ကို နှမ်းခိုးစားမှုနဲ့ ကြိမ်သုံးချက်ရိုက်နှက်တာ မှတ်မိသေးလား"မေးပါတယ်။

"မှန်ပါတယ် အရှင်မင်း၊ အဲသလို စည်းကမ်းကျင့်ဝတ် လိုက်နာတတ်အောင် ကျွန်ုပ်ဆုံးမသွန်သင်ခဲ့ပေလို့ သင်ဟာယခုလို ထီးနန်းနဲ့ထိုက်တန်ပြီး အထွတ်အထိပ် ရောက်ခြင်းမဟုတ်ပါလား"

ပြန်လည်ဖြေကြားပါတယ်။ အင်း၊ ဟုတ်ပေသား။

"ဤစကားသင့်စွ"ဆိုပြီး မူလက သတ်ရန်ခေါ်ခဲ့ပေမယ့် သူ့ဆရာကို ဆုတော်လာဘ်တော်တွေ ချီးမြှင့်ပူဇော်လိုက်သတဲ့။ ကျောင်းမှာလဲ သင်မှာပါပဲ။

အဲသလို ကိုယ်ကျင့်တရား ဖြူစင်ဖြောင့်မတ်ရိုးသားအောင်ကျောင်းတွေကမပြုစုနိုင်ခဲ့လေသလားမသိ။ နှမ်းကိုခိုးစားတဲ့ ကျောင်းသားလေးတွေက ကြီးလာတော့ လာဘ်ပေးလာဘ်ယူလုပ်ရတာကိုပဲ သာမန်ဓလေ့ထုံးစံလို ကျင့်သုံးနေကြတဲ့ ဝန်ထမ်းလောကမှာ ဒါရဲ့အရင်းမူလကျတဲ့ ကျောင်းဆရာ၊ ဆရာမများရဲ့ စားဝတ်နေရေး၊ လူနေမှုအဆင့်လေးများ နိမ့်ဆင်းလျော့ကျနေမှု နာတာရှည်ကို အရေးထားပြီး ကုစားနိုင်ရင်တော့ ခေတ်သစ်ကို ပြောင်းလဲနိုင်ကောင်းပါရဲ့။

ဆရာအောင်သင်းရေးဖူးတဲ့ တောင်တွင်းကြီးက မူလတန်းပြဆရာရဲ့ သင်ကြားပြသမှု ထိရောက်ခြင်းဟာ စေတနာ၊ ဝါသနာ၊ အနုပညာနဲ့ကျွမ်းကျင်မှုကြောင့်ပါ။ အောင်ပွဲဆင်နိုင်တဲ့ စစ်သူကြီးများဟာ သွယ်ဝိုက်ချဉ်းကပ်နည်းအားဖြင့် နည်းပရိယာယ်သုံးပြီး အောင်ပွဲယူနိုင်ကြတာပါ။ အတုံးလိုက် အတစ်လိုက်နဲ့ မရဘူးပေါ့။

အခြေခံသဘောပြောရရင် စာသင်နည်းက လေးမျိုး၊ ငါးမျိုးလောက် ရှိတယ်ဆိုပါစို့–

**၁။ ပို့ချဟောပြော**

**၂။ သရုပ်ပြ၊ ပုံပြ၊ ဆိုပြ၊ တီးပြ၊ ပြခန်း၊ ပြတိုက်တွေပြသ**

**၃။ ဆွေးနွေး၊ အပြန်အလှန်ပြောဆိုစေ**

**၄။ လက်တွေ့ ကိုယ်တိုင်ရေးစေ၊ လုပ်စေ၊ လေ့ကျင့်ခန်း၊ စစ်ဆေးတည့်မတ်ပေး**

**၅။ စစ်ဆေးအကဲဖြတ်၊ ရမှတ်အသိပေး**

ထိရောက်မှုအရအချိန်ခွဲဝေသင့်တာ ဥပမာ–

၁။ ပို့ချချိန် ၁၀ ရာခိုင်နှုန်း

၂။ သရုပ်ပြ ၂၀ ရာခိုင်နှုန်း

**စာမျက်နှာ ၅ သို့** á

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၄၀၁၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၄၀၁၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် မတ်ပဲ စိုက်ပျိုးရန်အတွက် မြို့နယ် အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၃၆၅၃ ဧက၊ ဝန်းသိုမြို့နယ်တွင် ဧက ၄၀၊ ပင်လည်ဘူးမြို့နယ်တွင် ၃၂၃ ဧက စုစုပေါင်း ၄၀၁၆ ဧက တို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ မတ်ပဲ ၄၀၁၆ ဧက စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ မတ်ပဲတွေ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချို က ပြောပြသည်။

ကောလင်းခရိုင်တွင် မတ်ပဲ သီးနှံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်း မျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

၃။ ဆွေးနွေး ၃၀ ရာခိုင်နှုန်း

၄။ လက်တွေ့လုပ် လေ့ကျင့်စေ။ ၄၀ ရာခိုင်နှုန်း

ယေဘုယျတင်ပြခြင်းဖြစ်ပါတယ်။

စာတော်တဲ့ကျောင်းသားတွေ အများကြီးထွက်ပြီး လူရည်ချွန်တွေ၊ ဂုဏ်ထူးရကြသူတွေ မွေးဖွားပေးတဲ့ ကျောင်းက ပို့၊ ပြ၊ ဆွေး၊ တွေ့ သင်နည်းလေးမျိုးမှာ–

**လက်တွေ့လေ့ကျင့်မှု စစ်ဆေးပြုပြင်မှု**ကို ၄၀ ရာခိုင်နှုန်း အချိန်ခွဲဝေပေးလေ့ရှိကြတယ်။ ထိရောက်တဲ့နည်းပဲ။

အောင်ချက်မကောင်းတဲ့ကျောင်းတွေက ဘာ့ကြောင့်လဲ၊အကြောင်းရင်းတွေ အများကြီးရှိပေမယ်။

**ပို့ချဟောပြောတာလောက်ပဲ။**

ပို့ချတာက ကျောင်းသားစိတ်ဝင်စားအောင် ဆရာ၊ ဆရာမက မိမိဘာသာကို ဝမ်းစာပြည့်အောင်လည်း စာအုပ်စာပေ ကျယ်ကျယ်ပြန့်ပြန့် ဖတ်မထားဘူး။ ညံ့တဲ့ဆရာတွေက တော်တဲ့ကျောင်းသားလူချွန်လူမွန်ဖြစ်အောင် မပျိုးထောင်တတ်ပါဘူး။

တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်ချင်ရင် အဦးဆုံး အလေးထားမြှင့်တင်ရမှာကတော့ အခြေခံပညာ ဆရာ၊ ဆရာမတွေရဲ့ **လုပ်ချင်ကိုင်ချင်စိတ်** (Enthusiasm) နဲ့ **လုပ်တတ်ကိုင်တတ်ခြင်း** (Professional Skill) ကို ပြုပြင်ပြောင်းလဲနိုင်ခဲ့ရင် အထိရောက်ဆုံးသော့ချက်လို့ ထင်မြင်ပါတယ်။ **လေ၊ မိုး၊ ပျိုး၊ ပိုး၊ နည်းပညာ** စတဲ့အရာတွေထက် အခြေခံအကျဆုံး **"မြေကြီး"**ကို မြေဆီဩဇာရှိစေချင်တာပါပဲ။

ဘယ်သူ့ကိုမှ အပြစ်မမြင်ပါ။ အပြစ်မတင်ပါ။ အပြုသဘောတင်ပြခြင်းသာဖြစ်ပါတယ်။ **အခြေခံပညာမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဆရာ၊ ဆရာမများရဲ့ အခန်းကဏ္ဍ(Role) နဲ့ အရည်အဆင့် (Status) ကို ယခုထက်ပိုမိုမြင့်မား ကောင်းမွန်လာအောင် ဖြည့်ဆည်းဆောင်ရွက်ပေးကြရင် သူတို့ပျော်ရွှင်တာနဲ့အမျှ ထိရောက်အောင် စွမ်းဆောင်နိုင်ကြမယ်ထင်ပါကြောင်း။** တကယ်တော့ ကိုယ်ကိုယ်တိုင်က စွမ်းရည်စွမ်းအား ပြသစေလိုပါကြောင်း "ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်" ပြီး ပါဝင်နိုင်ကြပါစေ။

## စာတတ်မြောက်ရေး အလေးပေး

\- စာမတတ်လျှင် မျက်ကန်းသွင်သို့
မမြင်မသိ မှောင်အတိပင်
မလန်းရွှင်သော ဘဝများ။

\- စာမတတ်လျှင် တောအုပ်ဝင်သို့
အပင်သမင် ခွဲမမြင်ဘဲ
အလွဲလွဲပင် ကြုံရသား။

\- စာငတ်ပေငတ် အသိငတ်၍
မမြတ်ဘဝ ကျည်းတန်စွပင်
မလှလေသော မျက်နှာများ။

\- ယခုသော်ကား...
စာတတ်မြောက်ရေး အလေးပေးကာ
မနှေးဆောင်ရွက် ကောင်းကျိုးဆက်ရန်
လို့လသန်ကာ ဖန်ဖန်ကြိုးစား
သင်ယူအားနှင့် သင်ကြားပေးသူ
မေတ္တာကူထောက် စာတတ်မြောက်ဖို့
ဖွဲ့မောက်သန်သန် ဇောန်အလင်း
အမှောင်ခွင်း၍ ဆောင်ကြဉ်းစာတတ်မြောက်ခဲ့ပြီ။ ။

မန်းတင့်မော်

## မိုးညိုမြို့နယ် ကျားကျွန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မိုးညို စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျားကျွန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို မိတ်ဆက်ပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘော ဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ ကျားကျွန်းကျေးရွာ၌ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

အေးမြတ်

# ဝန်ကြီးချုပ် မီလိုနီအစိုးရအဖွဲ့ နှစ် ၈၀ အတွင်း သက်တမ်းအရှည်ဆုံး အီတလီအစိုးရအဖြစ် စံချိန်တင်



**ရောမ စက်တင်ဘာ ၆**

ဝန်ကြီးချုပ် ဂျော်ဂျီယာမီလိုနီ ဦးဆောင်သော အစိုးရအဖွဲ့သည် ဒုတိယကမ္ဘာစစ် နောက်ပိုင်း သက်တမ်းအရှည်ဆုံး အီတလီ အစိုးရအဖွဲ့ ဖြစ်လာကြောင်း စက်တင်ဘာ ၅ ရက်သတင်းများ တွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီတလီနိုင်ငံသည် နိုင်ငံရေး မတည်ငြိမ်မှုကြောင့် ထင်ရှားသည့် ဥရောပနိုင်ငံဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၈၀ အတွင်း အစိုးရအဖွဲ့ ၆၈ ခုထိ အပြောင်းအလဲရှိခဲ့သည်။

သို့ရာတွင် ဝန်ကြီးချုပ်မီလိုနီ ဦးဆောင်သည့် အစိုးရအဖွဲ့သည် အစိုးရအဖွဲ့ပြိုကွဲခြင်း၊ အစိုးရအဖွဲ့ဝင် အပြောင်းအလဲပြုလုပ်ခြင်းများ မပြုလုပ်ဘဲ စက်တင်ဘာ ၄ ရက်တွင် အစိုးရတာဝန်များကို ရက်ပေါင်း ၁၄၁၂ ရက်ထိ တစ်ဆက်တည်း ရယူနိုင်ခဲ့ကြောင်း သိရသည်။

အစိုးရ သက်တမ်းအကြာမြင့်ဆုံး အီတလီအစိုးရအဖွဲ့အဖြစ် ယခင်စံချိန်တင်ခဲ့သော အစိုးရအဖွဲ့မှာ ဝန်ကြီးချုပ်ဟောင်း ဆီလ်ဗီယိုဘာလူစကိုနီ၏ ဒုတိယမြောက်အစိုးရအဖွဲ့ဖြစ်သည်။

အသက် ၄၈ နှစ်ရှိ မီလိုနီသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ အီတလီနိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာခဲ့သူဖြစ်သည်။

ဝန်ကြီးချုပ် မီလိုနီဦးဆောင်သော လက်ရှိအီတလီအစိုးရအဖွဲ့သည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အီတလီနိုင်ငံ၏ ၆၈ ဖွဲ့မြောက် အစိုးရအဖွဲ့ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ရုရှားသမ္မတပူတင် အမေရိကန်အထူးသံတမန်များနှင့် တွေ့ဆုံ

**မော်စကို စက်တင်ဘာ ၆**



ရုရှားသမ္မတပူတင်သည် စက်တင်ဘာ ၅ ရက်တွင် အမေရိကန်အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်၊ ဂျရက်ကုရှ်နာတို့နှင့် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်နှင့် အမေရိကန်အထူးသံတမန်များသည် ငါးနှစ်အတွင်း ဝင်ရောက်လာပြီဖြစ်သော ယူကရိန်းစစ်ရေးပဋိပက္ခကို အဆုံးသတ်ရေးအတွက် အဓိကထားဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၅ ရက် ဆွေးနွေးပွဲတွင် အမေရိကန်အထူးသံတမန်များက ယူကရိန်းစစ်ရေးပဋိပက္ခအဆုံးသတ်နိုင်ရေးအတွက် အဆိုပြုချက် အများအပြားတင်ပြဆွေးနွေးခဲ့ကြကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားသမ္မတပူတင်နှင့် အမေရိကန် ထိပ်တန်းသံတမန်များ၏ ကရင်မလင်ဆွေးနွေးပွဲမှာ သုံးနာရီကျော်ကြာမြင့်ခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သမ္မတပူတင်နှင့် အမေရိကန်သမ္မတ အထူးသံတမန်များ၏ တွေ့ဆုံဆွေးနွေးပွဲမှာ ရင်းနှီးပွင့်လင်း၍ အပြုသဘောဆောင်ခဲ့ကြောင်း သမ္မတပူတင်၏ နိုင်ငံခြားရေးမူဝါဒအကြံပေး ယူရီအူရှာကော့ဗ်က ထုတ်ဖော်ပြောကြားထားသည်။

စက်တင်ဘာ ၅ ရက် ကရင်မလင်ဆွေးနွေးပွဲမှ မည်သည့်ရလဒ်မျိုးပေါ်ထွက်ခဲ့သည်ကို ရုရှားနှင့်အမေရိကန်နှစ်ဖက်စလုံးက သတင်းထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

# လုံခြုံရေးအဆင့်မြင့် အကျဉ်းထောင် ငါးခုတို့၌ အရေးပေါ်အခြေအနေ ကြေညာချက် ပီရူးထုတ်ပြန်

**လီမာ စက်တင်ဘာ ၆**

ပီရူးနိုင်ငံသည် ရာဇဝတ်ဂိုဏ်းများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်အရ လုံခြုံရေးအဆင့်မြင့် အကျဉ်းထောင်ငါးခုတို့၌ စက်တင်ဘာ ၅ ရက်တွင် အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ အရေးပေါ်ကြေညာချက်အရ ပီရူးရဲတပ်ဖွဲ့နှင့် တပ်မတော်လက်နက်ကိုင် တပ်များကအဆိုပါအကျဉ်းထောင်ငါးခုကို ထိန်းချုပ်ခွင့်ရရှိမည်ဖြစ်သည်။

သက်တမ်းအားဖြင့် ရက် ၆၀ ရှိ အဆိုပါ အရေးပေါ်ကြေညာချက်ကို ပီရူးသမ္မတ ဖူဂျီမိုရီက ကြေညာခဲ့ခြင်းဖြစ်သည်။

အကျဉ်းထောင် အတွင်းပိုင်း၌ လှုပ်ရှားနေသည့် ရာဇဝတ်အဖွဲ့အစည်းများကို တိုက်ဖျက်ရေးအတွက် လုံခြုံရေးအဆင့်မြင့် အကျဉ်းထောင် ငါးခုတို့ကို အရေးပေါ်အခြေအနေ ကြေညာထားခြင်းဖြစ်ကြောင်း ပီရူးအစိုးရက သတင်းထုတ်ပြန်ထားသည်။

အရေးပေါ်အခြေအနေ ကြေညာထားသည့် အကျဉ်းထောင်ငါးခုတို့သည်ရာဇဝတ်ဂိုဏ်းများနှင့် ဆက်စပ်နေသောအကျဉ်းသား ၅၀ရာခိုင်နှုန်းခန့် ထိန်းသိမ်းထားသည့် အကျဉ်းထောင်များဖြစ်သည်။

အရေးပေါ် အခြေအနေ ကြေညာချက်အရ ပီရူးတပ်မတော်နှင့်ရဲတပ်ဖွဲ့တို့က အဆိုပါအကျဉ်းထောင်ငါးခုတို့၏ ဝေဟင်လုံခြုံရေးကိုလည်း တာဝန်ယူရမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွင်း ပီရူးနိုင်ငံ၌ လူဦးရေ ၁၀၀၀၀၀ လျှင် ၁၀ ဒသမ ၇ ဦးနှုန်း အသတ်ခံခဲ့ရသည်ဖြစ်ရာ ၂၀၂၄ ခုနှစ်ကထက် မြင့်တက်လာကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# ပင်လယ်ကွေ့ဒေသ၌ အီရန်ရေနံတင်သင်္ဘောသုံးစီးကို အမေရိကန်တပ်မတော်တိုက်ခိုက်

**ဝါရှင်တန် စက်တင်ဘာ ၆**

ပင်လယ်ကွေ့ ရေပြင်အတွင်း၌ အီရန်ရေနံတင် သင်္ဘောသုံးစီးကို အမေရိကန် တပ်မတော်က စက်တင်ဘာ ၅ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း အမေရိကန် အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်က သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပင်လယ်ကွေ့ ရေပြင်အတွင်း စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်နေသော အမေရိကန်ရေတပ်စစ်သင်္ဘောများကို အီရန်နိုင်ငံက ဘလစ်စတစ် ဒုံးကျည်များဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ပြီးနောက် အီရန်ရေနံတင် သင်္ဘောများကို အမေရိကန်တပ်မတော်က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် တပ်မတော်၏ သတင်း ထုတ်ပြန်ချက်အရ ပင်လယ်ကွေ့ ရေပြင်အတွင်း ကင်းလှည့်နေသည့် အမေရိကန် လေယာဉ်တင် သင်္ဘောတစ်စီးနှင့် ဖျက်သင်္ဘောတစ်စီးတို့ကို အီရန်တော်လှန်ရေးအစောင့်တပ်က ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သော်လည်း ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

အီရန်တော်လှန်ရေး အစောင့်တပ်၏ အဆိုပါလုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် အီရန်ရေနံတင်သင်္ဘောများကို တိုက်ခိုက်ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တပ်မတော်၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ပြင် လိုအပ်လာပါက အီရန်ရေနံတင်သင်္ဘောအုပ်စု တစ်ခုလုံးကို တိုက်ခိုက်ဖျက်ဆီးမည်ဟု အမေရိကန် တပ်မတော်က သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဂရိလေကြောင်းပြပွဲ၌ သရုပ်ပြပျံသန်းနေသော ဂျက်တိုက်လေယာဉ်ပျက်ကျ လေယာဉ်မှူး နှစ်ဦးသေဆုံး



**အေသင် စက်တင်ဘာ ၆**

ဂရိနိုင်ငံ အေသင်မြို့မြောက်ဘက်၌ ကျင်းပခဲ့သည့်လေကြောင်းပြပွဲတစ်ခုတွင် စက်တင်ဘာ ၅ ရက်က ဂရိလေတပ် ဂျက်တိုက်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပျက်ကျခဲ့သော လေယာဉ်မှာ ဖန်တွမ်အက်ဖ်-၄ ဂျက်တိုက်လေယာဉ်တစ်စင်းဖြစ်ပြီး အနိမ့်သရုပ်ပြပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖန်တွမ်အက်ဖ်-၄ ဂျက်တိုက်လေယာဉ်သည် ပွဲကြည့်ပရိသတ်ရာပေါင်းများစွာတို့ ရှေ့မှောက်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

သရုပ်ပြ တိုက်လေယာဉ်ပျက်ကျမှုကြောင့် လေကြောင်းပြပွဲသို့ လာရောက်ကြည့်ရှုသူ ပရိသတ်များ ထိခိုက်မှုမရှိခဲ့ကြောင်း ဂရိတာဝန်ရှိသူများက ပြောကြားထားသည်။

ရုပ်သံ မှတ်တမ်းများအရ ဖန်တွမ်အက်ဖ်-၄ ဂျက်တိုက်လေယာဉ်သည် မြေပြင်နှင့် မီတာအနည်းငယ်မျှခွာ၍ သရုပ်ပြပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လေကြောင်းပြပွဲကို အေသင်မြို့ မြောက်ဘက် မိုင် ၄၀ ခန့်အကွာတွင် တည်ရှိသည့် တာနာဂရာ လေတပ်စခန်း၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဖန်တွမ်အက်ဖ်-၄ ဂျက်တိုက်လေယာဉ် ပျက်ကျခဲ့ပြီးနောက် ကျင်းပရန် စီစဉ်ထားသော လေကြောင်း သရုပ်ပြပျံသန်းမှုများကို ဂရိအာဏာပိုင်များက ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အိန္ဒိယအာကာသအေဂျင်စီက ဂျီအက်စ်အယ်လ်ဗွီ-၂ ဒုံးပျံဖြင့် ကမ္ဘာမြေလေ့လာစောင့်ကြည့်ရေးဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာလွှတ်တင်



**နယူးဒေလီ စက်တင်ဘာ ၆**

အိန္ဒိယ အာကာသအေဂျင်စီသည် စက်တင်ဘာ ၄ ရက်တွင် ဂျီအက်စ်အယ်လ်ဗွီ-၂ဒုံးပျံဖြင့် ကမ္ဘာမြေ လေ့လာစောင့်ကြည့်ရေးဂြိုဟ်တုတစ်စင်းကို အောင်မြင်စွာ လွှတ်တင်ပေးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

Eos-05 အမည်ရှိ အထက်ပါ ကမ္ဘာမြေ လေ့လာစောင့်ကြည့်ရေး ဂြိုဟ်တုကို ဂျီအက်စ်အယ်လ်ဗွီ-၂ ဒုံးပျံဖြင့် ဆာတစ်ရှ်ဒါဝန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၁၈ မိနစ်အကြာတွင် ဂျီအက်စ်အယ်လ်ဗွီ-၂ ဒုံးပျံသည် Eos-05 ဂြိုဟ်တုကို ကြားခံပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Eos-05 ဂြိုဟ်တုသည် အထက်ပါ ကြားခံပတ်လမ်းပေါ်မှ တစ်ဆင့် ကမ္ဘာမြေပြင်အထက် မိုင် ၂၂၀၀၀ ကျော်ရှိ Geosyn-chronous ပတ်လမ်းပေါ်သို့ ဆက်လက် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုတစ်စင်းကို ပထမဆုံးအကြိမ်အဖြစ် Geosyn-chronous ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

Eos-05 ဂြိုဟ်တုမစ်ရှင်သည် အိန္ဒိယနိုင်ငံက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် တတိယမြောက် အာကာသ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ကင်ဆာရောဂါအမျိုးမျိုးကြောင့် သေဆုံးသူများတွင် အရက်သောက်သုံးမှုပိုမိုပါဝင်နေ

**နယူးယောက် စက်တင်ဘာ ၆**

အမေရိကန်နိုင်ငံ၌ ကင်ဆာရောဂါ အမျိုးအစားအများအပြားကြောင့် သေဆုံးသူများတွင် အရက်သောက်သုံးမှု ပိုမိုပါဝင်နေကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၅ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ပြီးခဲ့သည့် နှစ်ပေါင်း ၃၃ နှစ်အတွင်း အသက် ၂၀ နှင့်အထက် အမေရိကန်နိုင်ငံသားများ ကင်ဆာရောဂါကြောင့် အသက်ဆုံးပါးရမှုများတွင် အရက်သောက်သုံးမှု၏ ပါဝင်မှုအခန်းကဏ္ဍမှာ ယခင်တွေးထင်ထားသည်ထက် ပိုကြီးမားကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အရက်သောက်သုံးမှုနှင့်ဆက်စပ်နေသော ကင်ဆာရောဂါများကြောင့် သေဆုံးမှုရာခိုင်နှုန်းမှာ ပြီးခဲ့သည့် ၃၃ နှစ်တာကာလအတွင်း နှစ်ဆပိုမိုမြင့်မားခဲ့ကြောင်း သိရသည်။

အရက်သေစာသောက်သုံးမှုကြောင့် သေဆုံးမှုနှုန်းမြင့်တက်လာသည့် ကင်ဆာရောဂါများထဲတွင် ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ပန်ကရိယကင်ဆာ၊ အသည်းကင်ဆာ၊ ဦးခေါင်းကင်ဆာနှင့် လည်ပင်းကင်ဆာများ ပါဝင်ကြောင်း သိရသည်။

အရက်သောက်သုံးမှုသည် ကင်ဆာရောဂါများ ဖြစ်ပွားမှုနှင့် နည်းအမျိုးမျိုးဖြင့် ဆက်စပ်လျက်ရှိရာ ကင်ဆာရောဂါများဖြစ်ပွားနိုင်ခြေကို လျှော့ချရေးအတွက် အရက်သေစာ သောက်သုံးမှုကို ကန့်သတ်သင့်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# Bepicolombo မစ်ရှင်အာကာသယာဉ်နှစ်စင်း ပင်မအာကာသယာဉ်မှ အောင်မြင်စွာခွာထွက်နိုင်ခဲ့

**ပဲရစ် စက်တင်ဘာ ၆**

ဥရောပအာကာသအေဂျင်စီ၏ Bepicolombo မစ်ရှင်အာကာသယာဉ်နှစ်စင်းသည် စက်တင်ဘာ ၄ ရက်တွင် ပင်မအာကာသယာဉ်မှ အောင်မြင်စွာ ခွာထွက်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

MPO နှင့် Mio အမည်ရှိ အဆိုပါ အာကာသယာဉ်နှစ်စင်းသည် ပင်မအာကာသယာဉ်မှခွာထွက်ခဲ့ပြီးနောက် ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်းသို့ ဆက်လက်ဝင်ရောက်မည်ဖြစ်သည်။



Bepicolombo မစ်ရှင်အာကာသယာဉ်နှစ်စင်းသည် စတင်လွှတ်တင်ပြီး ရှစ်နှစ်အကြာတွင် ဗုဒ္ဓဟူးဂြိုဟ်အနီးသို့ အောင်မြင်စွာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

မိခင်အာကာသယာဉ်မှအောင်မြင်စွာ ခွာထွက်ခဲ့ပြီးနောက် MPO အာကာသယာဉ်နှင့် Mio အာကာသယာဉ်တို့သည် ယခုနှစ်နိုဝင်ဘာလတွင် ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်း စတင်မည်ဖြစ်ပြီး ဒီဇင်ဘာလတွင် စူးစမ်းလေ့လာရေးလုပ်ငန်းများ စတင်မည်ဖြစ်သည်။

Bepicolombo မစ်ရှင်၏ MPO အာကာသယာဉ်ကို ဥရောပအာကာသအေဂျင်စီက တည်ဆောက်ပေးထားပြီး Mio အာကာသယာဉ်ကို ဂျပန်အာကာသအေဂျင်စီက တည်ဆောက်ပေးထားခြင်းဖြစ်သည်။

ဥရောပအာကာသအေဂျင်စီနှင့် ဂျပန်အာကာသအေဂျင်စီတို့သည် ဗုဒ္ဓဟူးဂြိုဟ်လေ့လာရေးမစ်ရှင်အတွက် ၂၀၁၈ ခုနှစ်တွင် Bepicolombo မစ်ရှင်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# အသက် ၅၀ ဝန်းကျင်တွင် HRT ကုထုံး စတင်ရယူသူအမျိုးသမီးများ၌ Dementia ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်ကျဆင်းနိုင်

**လန်ဒန် စက်တင်ဘာ ၆**

အသက် ၅၀ ဝန်းကျင်အတွင်း ဟော်မုန်းအစားထိုးကုထုံး (HRT) စတင်ရယူသည့် အမျိုးသမီးများတွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Demen-tia) ဖြစ်နိုင်ခြေပုံမှန်ထက် ကျဆင်းလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ HRT ကုထုံးများ ရယူမှုသည် Dementia ရောဂါဖြစ်နိုင်ခြေပုံမှန် ၁၀ ရာခိုင်နှုန်းခန့် ပိုနည်းပါးပြီး အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမှာ ၁၆ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

အထူးသဖြင့် အထက်ပါ အကျိုးကျေးဇူးကို အသက် ၄၆ နှစ်နှင့် ၅၆ နှစ်ကြားကာလအတွင်း HRT ကုထုံးစတင်ရယူသူအမျိုးသမီးများတွင် အထင်ရှားဆုံးတွေ့မြင်ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် HRT ကုထုံးများကို အသက် ၅၆ နှစ်နောက်ပိုင်းမှသာ သုံးစွဲသူအမျိုးသမီးများတွင်မူ De-mentia ရောဂါဖြစ်ပွားနိုင်ခြေ ကျဆင်းလာနိုင်မှု မရှိကြောင်း သိရသည်။

အရွယ်ကောင်းချိန်တွင် ဓမ္မတာရာသီကုန်ဆုံးချိန် စတင်ဖြတ်သန်းခဲ့ရသူ အမျိုးသမီးများအတွက် HRT ကုထုံးသည် Dementia ရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချရာတွင် အကျိုးပြုနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# ကမ္ဘာဂြိုဟ်နှင့်သီရာဂြိုဟ်တို့ ဝင်တိုက်ခဲ့ပြီးနောက် ငါးနာရီအတွင်း ကမ္ဘာမြေ၏ ဂြိုဟ်ရံလ ပေါ်ထွက်လာခြင်းဖြစ်

**ဝါရှင်တန် စက်တင်ဘာ ၆**

လွန်ခဲ့သော နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီလီခန့်က ကမ္ဘာဂြိုဟ်နှင့် သီရာအမည်ရှိ ဂြိုဟ်တစ်စင်းကို ဝင်တိုက်ခဲ့ပြီးနောက် ငါးနာရီအတွင်း ကမ္ဘာမြေ၏ ဂြိုဟ်ရံလ ပေါ်ထွက်လာခြင်း ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အင်္ဂါဂြိုဟ်အရွယ်အစားရှိ သီရာဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့ ဝင်တိုက်ချိန်တွင် အာကာသဟင်းလင်းပြင်အတွင်းသို့ အရည်ပျော်ကျောက်သား ပမာဏများစွာ ရောက်ရှိလာခဲ့ကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

ထို့နောက် ၎င်းအရည်ပျော်ကျောက်သားများသည် နှစ်ပေါင်းများစွာအကြာတွင် တဖြည်းဖြည်း စုစည်းမိလာပြီး နောင်တွင် ကမ္ဘာဂြိုဟ်၏ ဂြိုဟ်ရံလဖြစ်လာခဲ့ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ အရီဇိုးနားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာဂြိုဟ်နှင့် သီရာဂြိုဟ်ရံလတို့ ဝင်တိုက်ပြီးနောက် ဂြိုဟ်ရံလဖြစ်ပေါ်ချိန်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ခြင်းမရှိဘဲ ငါးနာရီခန့်သာ ကြာမြင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံလောက်က ကမ္ဘာဂြိုဟ်နှင့်သီရာဂြိုဟ်တို့၏ ဘူမိဂုဏ်သတ္တိများကြောင့် ဂြိုဟ်နှစ်စင်း ဝင်တိုက်ချိန်တွင် ဂြိုဟ်ရံလပေါ်ထွက်လာချိန်မှာ ငါးနာရီမျှသာ ကြာမြင့်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ကွန်ပျူတာစံပြု ပုံစံများဖန်တီးပြီးနောက် ဂြိုဟ်ရံလပေါ်ထွက်လာသည့် ကာလအတိုင်းအတာကို တွက်ချက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# မန်ယူအသင်း၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဖာနန်ဒက်ဆွတ်ခူး

**မန်ချက်စတာ စက်တင်ဘာ ၆**

မန်ယူအသင်း၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို အသင်းခေါင်းဆောင် ဖာနန်ဒက်က ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဩဂုတ်လတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်နှစ်ပွဲကစားခဲ့ရသော်လည်း မန်ယူအသင်းက အဆိုပါနှစ်ပွဲမှ ကစားသမားများ၏ စွမ်းဆောင်ရည်အပေါ် အခြေခံကာ ဆန်ခါတင်ကစားသမား သုံးဦးရွေးချယ်ပြီး ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူကာ ရွေးချယ်ပေးအပ်ခြင်းဖြစ်သည်။

မန်ယူအသင်း၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆု ဆန်ခါတင်ကစားသမားစာရင်းတွင် ဖာနန်ဒက်နှင့်အတူ ကွင်းလယ်ကစားသမား ကိုဘီမိုင်နူး၊ တောင်ပံကစားသမား ရက်ဖ်ဖို့ဒ်တို့ ပါဝင်ခဲ့ပြီးနောက် အသင်းဖော်များကို ကျော်ဖြတ်ကာ ဖာနန်ဒက်က ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်သည် အဖွင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဟူးလ်စီးတီးအသင်းနှင့်ပွဲစဉ်တွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသော်လည်း ပြီးခဲ့သည့် အစ်ဗ့စ်ချ်အသင်းနှင့် ပွဲစဉ်တွင် အကောင်းဆုံးခြေစွမ်းပြသခဲ့ကာ သွင်းဂိုးသုံးဂိုးသွင်းယူပြီး ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)၏ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့သည့်အပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုအတွက်လည်း ဆန်ခါတင်စာရင်းတွင် ပါဝင်နေကြောင်း သိရသည်။

Ref : Fotmob

Trs : STA



# U.S. Open တင်းနစ်ပြိုင်ပွဲ ၁၆ဦးရှုံးထွက်အဆင့်သို့ အန်ဒရီဗာ တက်ရောက်

**ဝါရှင်တန် စက်တင်ဘာ ၆**

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် U.S. Open အမျိုးသမီး တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ရုရှားတင်းနစ်မယ် အန်ဒရီဗာက ၁၆ ဦးရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အန်ဒရီဗာ အနေဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေသတ်မှတ်ချက်တွင် အဆင့်(၅)နေရာ၌ ရပ်တည်နေသူဖြစ်ပြီး ပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင် စွမ်းဆောင်ခဲ့ကာ ၁၆ ဦးရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အန်ဒရီဗာသည် ပထမအဆင့်ပွဲစဉ်အဖြစ် ပိုလန်တင်းနစ်မယ် ဂျန်နစ်တီဂျန်နှင့်ကစားခဲ့ရာ (၆-၂)၊ (၆-၂)ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်ပွဲစဉ်အဖြစ် ဂျာမနီတင်းနစ်မယ် အီဗာလိုင်နှင့် ကစားခဲ့ရာတွင်လည်း (၆-၀)၊ (၆-၂)ရလဒ်ဖြင့် အနိုင်ရကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် အန်ဒရီဗာသည် တတိယအဆင့် ပွဲစဉ်အဖြစ် ချက်တင်းနစ်မယ် ဘာတန်ကိုဗာနှင့်ကစားခဲ့ရာ(၆-၂)၊ (၆-၇) ရလဒ်ဖြင့် ထပ်မံအနိုင်ရပြီးနောက် ၁၆ ဦးရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ၁၆ ဦး ရှုံးထွက်အဆင့် ပွဲစဉ်အဖြစ် ဩစတြီးယားတင်းနစ်မယ် ပိုတာပိုဗာနှင့် ဆက်လက်ကစားရမည်ဖြစ်ကြောင်းသိရသည်။

Ref : AGTP Tennis

Trs : STA

# UFC Paris Fight ပြိုင်ပွဲတွင် ပေါ်တူဂီဖိုက်တာ မာရီယိုပင်တိုက အမေရိကန်ဖိုက်တာ ရိုင်ယန်စပန်ကို အလဲထိုးရလဒ်ဖြင့်အနိုင်ရ

**ပဲရစ် စက်တင်ဘာ ၆**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ယနေ့တွင် ကျင်းပခဲ့သည့် UFC Paris Fight ပြိုင်ပွဲတွင် UFC ဟဲဗီးဝိတ်တန်း စိန်ခေါ်ပွဲစဉ်အဖြစ် ပေါ်တူဂီဖိုက်တာ မာရီယိုပင်တိုနှင့် အမေရိကန်ဖိုက်တာ ရိုင်ယန်စပန်တို့ထိုးသတ်ခဲ့ရာ မာရီယိုပင်တိုက ဒုတိယအချီတွင် အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့ကြောင်း TNT Sports သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။



အဆိုပါ ပွဲစဉ်ပထမအချီတွင် ရိုင်ယန်စပန်က ပြင်းထန်သည့် ခြေကန်ချက်များဖြင့် စတင်ဖိအားပေး ထိုးသတ်ခဲ့သော်လည်း မာရီယိုပင်တိုက အကောင်းဆုံး ကာကွယ်ကစားခဲ့ပြီး ဒုတိယအချီတွင် မာရီယိုပင်တိုက ပြင်းထန်အားပါသည့် လက်သီးချက်များဖြင့် ပြန်လည်ဖိအားပေး ထိုးသတ်ခဲ့ရာမှ ရိုင်ယန်စပန် အနေဖြင့် ကာကွယ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မာရီယိုပင်တိုက ဒုတိယအချီတွင် အလဲထိုးရလဒ်ဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

မာရီယိုပင်တိုသည် ပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမားဘဝတွင် ရှုံးပွဲမရှိသေးဘဲ ၁၂ ပွဲ ထိုးသတ်ခဲ့ရာ ၁၂ ပွဲလုံးအနိုင်ရရှိထားပြီး UFC အဖွဲ့ချုပ်နှင့်စာချုပ်ချုပ်ဆိုကာ UFC ပြိုင်ပွဲများ၌ ဝင်ရောက် ထိုးသတ်ခဲ့ရာတွင်လည်း လေးပွဲထိုးသတ်အပြီး လေးပွဲဆက် နိုင်ပွဲရယူထားခြင်း ဖြစ်သည်။

မာရီယိုပင်တိုသည် UFC ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲစဉ်တွင် ရိုင်ယန်စပန်ကိုအနိုင်ရပြီးနောက် UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံကို စိန်ခေါ်ခွင့်ရရှိရန် ပိုမိုနီးစပ်လာခဲ့ကြောင်းသိရသည်။

Ref : TNT Sports

Trs : STA

# မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ဒဂုံစတားအသင်းက ရောဝတီယူနိုက်တက်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်းတွင် ရောဝတီယူနိုက်တက် အသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ဒဂုံစတားအသင်းက ဖိအားပေး ကစားခဲ့ကာ ပွဲချိန် ၈ မိနစ်နှင့် ၃၃ မိနစ်တို့တွင် သီဟဇော်၊ ပွဲချိန် ၁၄ မိနစ်တွင် Patrick တို့က ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် ဒဂုံစတားအသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရောဝတီယူနိုက်တက်အသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲချိန် ၅၇ မိနစ်တွင် Njoh Eoems နှင့် ပွဲချိန် ၆၈ မိနစ်တွင် Patrick တို့က ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးများဆက်လက်သွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားအသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) နောက်ဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၇ ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ Sunset အားကစားကွင်း၌ ISPE အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# Vuelta a Espana 2026 စက်ဘီးစီးပြိုင်ပွဲ အဆင့်(၁၄)ပြိုင်ပွဲတွင် ဂျာမနီစက်ဘီးစီးကစားသမား ဘန်နာ ချန်ပီယံဆုဆွတ်ခူး

**မက်ဒရစ် စက်တင်ဘာ ၆**

စပိန်နိုင်ငံတွင် ကျင်းပနေသည့် Vuelta a Espana 2026 စက်ဘီးစီးပြိုင်ပွဲ အဆင့်(၁၄) ပြိုင်ပွဲတွင် ဂျာမနီ စက်ဘီးစီးကစားသမား ဘန်နာက ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း La Vuelta သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။



Vuelta a Espana 2026 စက်ဘီးစီးပြိုင်ပွဲကို စပိန်နိုင်ငံတွင် ပြီးခဲ့သည့် ဩဂုတ် ၂၂ ရက်ကစတင်ကျင်းပခဲ့ပြီး အဆင့်(၁၄)ပြိုင်ပွဲအဖြစ် စက်တင်ဘာ ၅ ရက်က ကျင်းပခဲ့ရာ Tudor Pro Team အသင်းမှ ဘန်နာက ၄ နာရီ ၁၅ မိနစ် ၁၀ စက္ကန့်ဖြင့် ပထမဆုံး ပန်းဝင်ခဲ့ပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် ဘန်နာကို Bahrain Victory အသင်းမှ ကိုလံဘီယာ စက်ဘီးစီးကစားသမား ဘူတီယာဂိုက အကောင်းဆုံးဖိအားပေးနိုင်ခဲ့သော်လည်း ၄ နာရီ ၁၅ မိနစ် စက္ကန့် ၂၀ ဖြင့်သာ ဘန်နာ၏နောက်မှ ပန်းဝင်ခဲ့သည့်အတွက် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

အသက် ၂၄ နှစ်ရှိ ဘန်နာသည် နောက်ပိုင်းနှစ်များအတွင်း Vuelta စက်ဘီးစီး ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရယူခဲ့သူဖြစ်ပြီး ယခုနှစ် Vuelta a Espana 2026 စက်ဘီးစီးပြိုင်ပွဲ အဆင့်(၁၄) ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

Vuelta a Espana 2026 စက်ဘီးစီးပြိုင်ပွဲကို အဆင့် ၂၁ဆင့်ဖြင့် ကျင်းပမည်ဖြစ်ကာ အဆင့်တစ်ခုချင်းစီတွင် ချန်ပီယံဆုပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲဖြစ်သည့်အဆင့် (၂၁) ပြိုင်ပွဲကို စက်တင်ဘာ ၁၃ ရက်တွင် စပိန်နိုင်ငံ ဂရန်နာဒါမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : La Vuelta

Trs : STA

# ကနေဒါနိုင်ငံ ကပ်ဘာရီတန်ကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်



အော့တဝါ စက်တင်ဘာ ၆

ကနေဒါနိုင်ငံ ကပ်ဘာရီတန်ကျွန်းတွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရေဘေးအန္တရာယ်အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကပ်ဘာရီတန်ကျွန်းတွင် ရွာသွန်းနေသော မိုးရေချိန်မှာ မီလီမီတာ ၂၀၀ ထိ မြင့်တက်ခဲ့ခြင်းကြောင့် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘူဇွာမြစ်ရေလျှံတက်မှု ဖြစ်ပေါ်ခဲ့ပြီး ဘူဇွာမြစ်အနီးရှိ ကောင်တီများကို ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ကပ်ဘာရီတန်ကျွန်းမှာ မိုးသည်းထန်စွာ ရွာသွန်းနေပါတယ်။ မုန်တိုင်းကြောင့်လည်း မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းဖြစ်ပြီးတော့ မိုးရေချိန်ဟာ မီလီမီတာ၂၀၀ ထိ မြင့်တက်ခဲ့ပါတယ်။ မိုးရေချိန် မြင့်မားတဲ့အတွက်ကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ ဘူဇွာမြစ်ရေလျှံတက်မှုကြောင့် ရေဘေးအန္တရာယ် ရှိလာနိုင်တဲ့အတွက် ကပ်ဘာရီတန်ကျွန်းကို ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့တာဖြစ်ပါတယ်"ဟု ကနေဒါ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# တရုတ်နိုင်ငံ ကျန်းရှီးပြည်နယ်တွင် မြေပြိုမှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံးကာ ၁၁ ဦးပျောက်ဆုံးနေဆဲဖြစ်

ပေကျင်း စက်တင်ဘာ ၆

တရုတ်နိုင်ငံ ကျန်းရှီးပြည်နယ်တွင် စက်တင်ဘာ ၅ ရက် နံနက်အစောပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ပြီး လူတစ်ဦးသေဆုံးကာ ၁၁ ဦး ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း ဆော်ဒဲ၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ကျန်းရှီးပြည်နယ်၊ ဆွေ့ချွမ်ခရိုင်ရှိ ကောင်းဖိန်မြို့တွင် စက်တင်ဘာ ၅ ရက် နံနက် ၄ နာရီခန့်က မြေပြိုမှုဖြစ်ပွားခဲ့ကာ မြေပြိုမှုကြောင့် နေအိမ် ၁၂ လုံး လုံးဝပျက်စီးခဲ့ကြောင်း ခရိုင်အာဏာပိုင်များ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုသို့ မြေပြိုကျမှု ဖြစ်ပွားရခြင်းသည် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မိုးရေများ မြေသားထဲသို့စိမ့်ဝင်ကာ မြေသားများ ပျော့အိလာခြင်းကြောင့် တောင်စောင်းမှ မြေစာများ ရုတ်တရက် ပြိုကျလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မြေပြိုမှုကြောင့် နေအိမ်များ ပျက်စီးခဲ့သည့်အပြင် လူအများအပြား မြေစာများအောက်တွင် ပိမိခဲ့ကြပြီး အာဏာပိုင်များက မြေစာများအောက်တွင် ပိမိပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကယ်ဆယ်ရေးအဖွဲ့များက မြေစာများကို ဖယ်ရှားကာ ပျောက်ဆုံးနေသူများကို ရှာဖွေနေပြီး သေဆုံးသူနှင့် ပျောက်ဆုံးသူများ၏ အရေအတွက် ပြောင်းလဲနိုင်ခြေရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# တောင်ဆူဒန်နိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုကို နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် အစိုးရက ထုတ်ပြန်

ဂျူဘာ စက်တင်ဘာ ၆

တောင်ဆူဒန်နိုင်ငံတွင် မိုးခေါင်ရေရှားပါးမှုအခြေအနေ သိသိသာသာ ဆိုးရွားလာခဲ့ပြီးနောက် မိုးခေါင်ရေရှားပါးမှု ပြဿနာကို နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း တောင်ဆူဒန်နိုင်ငံအစိုးရက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုပြဿနာဖြင့် စတင်ရင်ဆိုင်ရစဉ်ကတည်းက စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့၌ သိသိသာသာ ထိခိုက်နစ်နာမှုများ ရှိလာခဲ့ပြီးနောက် လက်ရှိတွင် ပြည်သူများကို သောက်သုံးရေ ပေးဝေရေးအတွက်ပင် ခက်ခဲသွားပြီဖြစ်သည့်အတွက် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း၊ မိုးခေါင်ရေရှားပါးမှု နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည့်အတွက်ကြောင့် သောက်သုံးရေပေးဝေမှုကို တင်းကျပ်စွာ ကန့်သတ်သွားတော့မည် ဖြစ်သည့်အတွက် သောက်သုံးရေကို ချွေတာသုံးစွဲရန်လည်း တိုက်တွန်းနှိုးဆော်ချက်များ ပြုလုပ်ထားကြောင်း တောင်ဆူဒန်အစိုးရက ထုတ်ပြန်သွားခဲ့သည်။

"တောင်ဆူဒန်နိုင်ငံမှာ မိုးခေါင်ရေရှားပါးမှုပြဿနာကို ဆိုးရွားစွာ ရင်ဆိုင်နေရပြီး အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ပါတယ်။ နိုင်ငံတော်အဆင့် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်တဲ့အတွက် သောက်သုံးရေပေးဝေမှုကို တင်းကျပ်စွာ ကန့်သတ်သွားတော့မှာ ဖြစ်ပါတယ်။ သောက်သုံးရေကို ချွေတာသုံးစွဲဖို့ တိုက်တွန်းနှိုးဆော်မှုတွေ ပြုလုပ်နေပါတယ်"ဟု တောင်ဆူဒန်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်နေ

နယူးဒေလီ စက်တင်ဘာ ၆

အိန္ဒိယနိုင်ငံ မဟာရက်ရှ်သရာပြည်နယ်တွင် အပူလှိုင်းဖြတ်သန်း ပြီး အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (IMD) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မဟာရက်ရှ်သရာပြည်နယ်တွင် မြင့်တက်နေသည့် အမြင့်ဆုံးအပူချိန်အဖြစ် ဘရာမာပူရီမြို့တွင် ဖြစ်ပေါ်နေပြီး အပူချိန်ပမာဏမှာ ၃၆ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း၊ ၎င်းပမာဏမှာ ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၃ ဒီဂရီစင်တီဂရိတ် ပိုမိုမြင့်မားနေကြောင်း၊ ဒုတိယအပူချိန် အမြင့်ဆုံးသော ဒေသများအဖြစ် အေကိုလာဒေသနှင့် အမ်ရာဗာတီဒေသတို့ဖြစ်ပြီး အပူချိန်ပမာဏမှာ ၃၅ ဒသမ ၆ ဒီဂရီစင်တီဂရိတ်နှင့် ၃၅ ဒသမ ၈ ဒီဂရီ စင်တီဂရိတ်တို့ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုသည် ကာလရှည်ကြာသွားနိုင်ပြီး ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလတွင် အပူချိန်မှာ စံချိန်တင်ပမာဏထိ မြင့်တက်သွားနိုင်ကြောင်း IMD က ထုတ်ပြန်သွားခဲ့သည်။

"မဟာရက်ရှ်သရာပြည်နယ်မှာ အပူလှိုင်းဖြတ်သန်းပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ နေရာတော်တော်များများမှာ အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်နေပါတယ်။ အပူချိန်ပမာဏဟာ စံချိန်တင် ပမာဏတစ်ရပ်ထိ မြင့်တက်သွားနိုင်ပြီးတော့ အပူချိန်မြင့်တက်မှုဟာ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလထိ ကြာမြင့်သွားနိုင်ပါတယ်။ ဖေဖော်ဝါရီလမှာ မြင့်တက်လာနိုင်တဲ့ အပူချိန်ဟာ စံချိန်တင်ပမာဏတစ်ရပ်ထိ ရောက်ရှိသွားနိုင်ပါတယ်။ လက်ရှိမဟာရက်ရှ်သရာပြည်နယ်မှာ မြင့်တက်နေတဲ့ အမြင့်ဆုံးအပူချိန်ပမာဏကတော့ ၃၆ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ဖြစ်ပါတယ်။ ပုံမှန်ထက် ၂ ဒီဂရီစင်တီဂရိတ်ကနေ ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန (IMD) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# မလေးရှားနိုင်ငံ ဆီရီယန်ခရိုင်တွင် မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်

ကွာလာလမ်ပူ စက်တင်ဘာ ၆

မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် ဆီရီယန်ခရိုင်တွင် မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှုဖြစ်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘော်နီယိုကျွန်းပေါ်တွင် တည်ရှိသည့် ဆာရာဝပ်ပြည်နယ်သည် မလေးရှားနှင့် အင်ဒိုနီးရှား နယ်စပ်၌ လောင်ကျွမ်းနေသည့် တောမီးများကြောင့် မီးခိုးမြူများ ထွက်ထပ်ကာ ဆာရာဝပ်ပြည်နယ်အတွင်းရှိ အချို့ဒေသများတွင် မီးခိုးမြူများကြောင့် ကျောင်းများ ပင်ပိတ်ထားရကြောင်း သိရသည်။

မလေးရှားအာဏာပိုင်များက မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှုညွှန်းကိန်း (API) ၁၀၀ ကျော်ဖြစ်နေပြီး အဆိုပါအခြေအနေသည် အန္တရာယ်ရှိသဖြင့် မလေးရှားနိုင်ငံအစိုးရက အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း သိရသည်။

အဆိုပါ အရေးပေါ်အခြေအနေသတ်မှတ်ထားသည့် နေရာမှာ ဆီရီယန်ခရိုင်နှင့်အနီး ကီလိုမီတာ၂၀ ဝန်းကျင်ထိဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေ ထုတ်ပြန်ထားသော်လည်း စူပါမားကတ်များ၊ ဓာတ်ဆီဆိုင်များနှင့် ဘဏ်များကဲ့သို့ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများ ဆက်လက်ဖွင့်လှစ်ထားနိုင်မည် ဖြစ်ကြောင်း ဆာရာဝပ်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလပ်စ် အူဂါအမ် ဘတ်စ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေဖန်တီးစို့

မေဇင်ထွန်း

လူသားတို့၏ဘဝတွင် အစားအစာ၊ ရေတို့ကို နေ့စဉ်စားသောက်နေရသကဲ့သို့ပင် လေထုသည်လည်း မရှိမဖြစ်လိုအပ်သော အရာဖြစ်သည်။ လူသားတစ်ဦးအနေဖြင့် အသက်ရှင်နေထိုင်ရန်အတွက် သန့်ရှင်းသောလေထုကို အစဉ်အမြဲရှူရှိုက်နေရသော်လည်း လေထု၏အရေးပါမှုကို ပုံမှန်အားဖြင့် သတိမပြုမိတတ်ကြပေ။

လေသည် လူသားတိုင်း၏ အသက်ရှင်သန်မှုအတွက် တစ်စက္ကန့်မျှပင် ကင်းကွာ၍ မရသောအရာဖြစ်သည်။ သို့သော် ယနေ့ခေတ်တွင် ကျွန်ုပ်တို့ရှူရှိုက်နေသည့်လေထုသည် ယခင်ကကဲ့သို့ သန့်ရှင်းမှုမရှိတော့ဘဲ ညစ်ညမ်းလာသည်ကို တွေ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ မြို့ပြများတွင် ယာဉ်များ၏ မီးခိုးငွေ့များ၊ စက်ရုံများမှ ထွက်ရှိသည့် ဓာတ်ငွေ့များ၊ အမှိုက်မီးရှို့မှုများနှင့် တောမီးများကြောင့်ဖြစ်သည်။

မြို့ပြများတွင် ယာဉ်များ၏ မီးခိုးငွေ့များ၊ စက်ရုံများမှထွက်ရှိသည့် ဓာတ်ငွေ့များ၊ အမှိုက်မီးရှို့မှုများနှင့် တောမီးများသည် လေထုညစ်ညမ်းမှုကို ဖြစ်စေသည်။ လေထုညစ်ညမ်းလာသည့်အခါ လူသားတို့၏ကျန်းမာရေးကိုသာ ထိခိုက်စေခြင်းမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုတို့ကိုပါ ဆက်နွှယ်ပြောင်းလဲစေသည်။ ထို့ကြောင့် သန့်ရှင်းသောလေထုကို ဖန်တီးခြင်းသည် ကျန်းမာသောလူ့အဖွဲ့အစည်းကို တည်ဆောက်ခြင်းသာမက ပတ်ဝန်းကျင်ကောင်းနှင့် ကမ္ဘာကြီးအတွက် ကောင်းမွန်သော ရာသီဥတုကို ဖန်တီးခြင်းလည်းဖြစ်သည်။

ထို့ကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသည့် အကြောင်းရင်းများ၊ အကျိုးသက်ရောက်မှုများနှင့် လေထုအရည်အသွေး စီမံခန့်ခွဲနိုင်စေမည့် ဖြေရှင်းနည်းများကို ပိုမိုသိရှိ နားလည်လာစေရန် ၂၀၁၉ ခုနှစ်တွင် ကျင်းပခဲ့သည့် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် (၇၄/၂၁၂) အရ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ကို စက်တင်ဘာ ၇ ရက်တွင် နှစ်စဉ်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ကမ္ဘာတစ်ဝန်းတွင် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၇ ရက်မှ စတင်၍ ကျင်းပခဲ့ကြပြီး လေထုညစ်ညမ်းမှု လျှော့ချရေး လုပ်ငန်းများတွင် ကမ္ဘာသူ၊ ကမ္ဘာသားများ ပိုမိုသိရှိနားလည်ပြီး တက်ကြွစွာပါဝင်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ ယခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ် အခမ်းအနား၏ ဆောင်ပုဒ်မှာ "ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေဖန်တီးစို့" ဖြစ်သည်။ ထိုဆောင်ပုဒ်သည် သန့်ရှင်းသော လေထုနှင့် ရာသီဥတုကောင်းမွန်ရေးတို့အတွက် လူတိုင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ တိုးတက်လာခြင်း၊ မြို့ပြများ ပိုမိုကျယ်ပြန့်လာခြင်း၊ မော်တော်ယာဉ်အစီးရေ တိုးလာခြင်းတို့နှင့်အတူ လေထုညစ်ညမ်းမှုသည် နိုင်ငံအများအပြားရင်ဆိုင်နေရသည့် အဓိကသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာသည်။ လေထုသည် လူသားများသာမက တိရစ္ဆာန်များ၊ အပင်များနှင့် ကမ္ဘာ့ဂေဟစနစ်တစ်ခုလုံး ရှင်သန်တည်ရှိရေးအတွက် အရေးပါသည်။ လူသားတို့ ရှူရှိုက်သည့်လေထုအတွင်း အောက်ဆီဂျင်ပါဝင်ပြီး အဆိုပါအောက်ဆီဂျင်သည် ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များ၏ လုပ်ငန်းဆောင်တာများအတွက် မရှိမဖြစ်လိုအပ်သည်။ သန့်ရှင်းသောလေထုရရှိခြင်းသည် လူသားတို့၏ ကျန်းမာရေးအတွက်သာမက နေထိုင်မှုဘဝအရည်အသွေးအတွက်လည်း အရေးကြီးသည်။ လေထုအတွင်း အန္တရာယ်ရှိသော အမှုန်အမွှားများ၊ ဓာတ်ငွေ့များနှင့် မီးခိုးများ များပြားစွာပါဝင်လာပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာများဖြစ်ပေါ်စေနိုင်သကဲ့သို့ လူတို့၏နေ့စဉ်ဘဝနှင့် အလုပ်လုပ်နိုင်စွမ်းကိုလည်း ထိခိုက်စေနိုင်သည်။

လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများမှာ စက်ရုံများနှင့် လျှပ်စစ်ဓာတ်



အားထုတ်လုပ်သည့် စက်ရုံများတွင် ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့သော ရုပ်ကြွင်းလောင်စာများကို လောင်ကျွမ်းအသုံးပြုခြင်းမှ မီးခိုးနှင့် ဓာတ်ငွေ့များထွက်ရှိလာနိုင်သည်။ ထို့ပြင် မော်တော်ယာဉ်များမှ ထွက်ရှိသည့် မီးခိုးငွေ့များသည်လည်း မြို့ပြလေထုညစ်ညမ်းမှု၏ အရေးကြီးသော အရင်းအမြစ်တစ်ခုဖြစ်သည်။ ယာဉ်အသွားအလာများပြားသည့် မြို့ကြီးများတွင် ယာဉ်များမှ ထွက်ရှိသည့်အငွေ့များကြောင့် လေထုအရည်အသွေး ကျဆင်းလာနိုင်သည်။ အလားတူ အိမ်သုံးလောင်စာများ လောင်ကျွမ်းခြင်း၊ အမှိုက်များကို စည်းကမ်းမဲ့မီးရှို့ခြင်းနှင့် စိုက်ပျိုးရေးအကြွင်းအကျန်များကို မီးရှို့ခြင်းတို့သည်လည်း လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သည်။

လေထုအရည်အသွေး ကျဆင်းလာခြင်းသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ နှလုံးနှင့်သွေးကြောဆိုင်ရာ ကျန်းမာရေးအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်နိုင်သည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုကို ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုတည်းအဖြစ် မမြင်ဘဲ လူ့ကျန်းမာရေးနှင့် တိုက်ရိုက်ဆက်နွှယ်နေသည့် အရေးကြီးသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ပြီး အလေးထား ဆောင်ရွက်သင့်သည်။

လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုသည် အပြန်အလှန်ဆက်နွှယ်နေသည်။ အထူးသဖြင့် ရုပ်ကြွင်းလောင်စာ များစွာလောင်ကျွမ်းအသုံးပြုခြင်းမှ ထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဖန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ဖြစ်စေသည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းနှင့် ရာသီဥတုပုံစံများ ပြောင်းလဲလာခြင်းတို့ကြောင့် အပူလှိုင်းများ၊ မိုးခေါင်မှုများ၊ ရုတ်တရက်ရေကြီးရေလျှံမှုများနှင့် အခြားပြင်းထန်သော သဘာဝဘေးများ ပိုမိုဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ရာ လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကို မတူညီသော သီးခြားပြဿနာများအဖြစ် မမြင်ဘဲ တစ်ပြိုင်နက်တည်း ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။

ထို့ကြောင့် ယခုနှစ်ဆောင်ပုဒ်သည် လေထုသန့်ရှင်းရေးဆိုသည့် အကြောင်းအရာတစ်ခုတည်းကိုသာ ရည်ညွှန်းခြင်းမဟုတ်ဘဲ သန့်ရှင်းသောလေထု၊ ကျန်းမာသောလူ့အဖွဲ့အစည်းနှင့် ရာသီဥတုကောင်းမွန်သော ကမ္ဘာကြီးတို့ကို တစ်ပြိုင်နက်တည်း ဖန်တီးရန် တိုက်တွန်းထားခြင်းဖြစ်သည်။

လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရန်အတွက် စွမ်းအင်သုံးစွဲမှုပုံစံကို ပြောင်းလဲရန် အရေးကြီးသည်။ ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့သော ရုပ်ကြွင်းလောင်စာများအပေါ် အလွန်အမင်းမှီခိုနေခြင်းကို လျှော့ချပြီး နေရောင်ခြည်၊ လေစွမ်းအင်နှင့် အခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပိုမိုအသုံးပြုလာနိုင်ရန် လိုအပ်သည်။ အိမ်များ၊ ရုံးများနှင့် စက်ရုံများတွင် လျှပ်စစ်ဓာတ်အားကို အလဟဿမသုံးစွဲဘဲ စွမ်းအင်ထိရောက်စွာ အသုံးပြုခြင်းသည်လည်း အရေးကြီးသည်။

ကမ္ဘာတစ်ဝန်း လူဦးရေတိုးပွားလာသည်နှင့်အမျှ လေထုအရည်အသွေးကောင်းမွန်ရေးသည် ပိုမိုအရေးကြီးလာသည်။ ယာဉ်အသွားအလာများပြားခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်ရုံများနှင့် အမှိုက်စွန့်ပစ်မှုများသည် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် မြို့ပြစီမံကိန်းများတွင် လေထုအရည်အသွေးကောင်းမွန်ရေးကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ မြို့ပြသစ်ပင်စိုက်ပျိုးမှုနှင့် ပန်းခြံများ၊ စိမ်းလန်းသောနေရာများ တိုးချဲ့ဖန်တီးခြင်းသည် မြို့ပြပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေမည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ ထို့ပြင် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ်များကို အားပေးမြှင့်တင်ပြီး ကိုယ်ပိုင်မော်တော်ယာဉ်များ အသုံးပြုမှုကို လျှော့ချနိုင်ပါက ယာဉ်များမှ ထွက်ရှိသည့် လေညစ်ညမ်းစေသော အငွေ့များကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

သစ်တောများနှင့် သစ်ပင်များသည် ကမ္ဘာ့လေထုနှင့် ရာသီဥတုစနစ်အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ သစ်ပင်များသည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူသိုလှောင်ပေးနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင်ကို အေးမြစေပြီး ဂေဟစနစ်များကို ထိန်းသိမ်းပေးသည်။ သစ်တောများကို မီးရှို့ဖျက်ဆီးခြင်း၊ အလွန်အကျွံခုတ်ယူခြင်းနှင့် မြေယာအသုံးချမှုများကြောင့် သစ်တောဧရိယာများ လျော့နည်းလာပါက ကာဗွန်စုပ်ယူနိုင်စွမ်း ကျဆင်းလာနိုင်သည်။ ထို့ကြောင့် သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်ပင်များ ပြန်လည် စိုက်ပျိုးခြင်းနှင့် တောမီးကာကွယ်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်သည်။ သစ်ပင်တစ်ပင်စိုက်ခြင်းကို တစ်ဦးတစ်ယောက်ဆောင်ရွက်ခြင်းမှသည် အစုအဖွဲ့လိုက်ဆောင်ရွက်သွားမည်ဆိုပါက ပိုမိုကျယ်ပြန့်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေနိုင်သည်။

လေထုညစ်ညမ်းမှုကို လျှော့ချရာတွင် လူတစ်ဦးချင်းစီ၏ နေ့စဉ်အလေ့အထများသည်လည်း အရေးကြီးသည်။ အထူးသဖြင့် အမှိုက်များကို စည်းကမ်းမဲ့မီးရှို့ခြင်းသည် လေထုအတွင်း မီးခိုးနှင့် အမှုန်အမွှားများ ထွက်ရှိစေနိုင်သောကြောင့် ရှောင်ရှားသင့်သည်။ အမှိုက်များကို အမျိုးအစားခွဲခြားစွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများကို ပြန်လည်အသုံးချခြင်းနှင့် မလိုအပ်ဘဲ စွန့်ပစ်ရမည့် အမှိုက်ပမာဏကို လျှော့ချခြင်းတို့သည် လေထုညစ်ညမ်းမှု လျှော့ချရေးတွင် အထောက်အကူပြုနိုင်သည်။ ထို့ကြောင့် အမှိုက်ကိုမီးရှို့ပြီး ဖယ်ရှားလိုက်မည်ဆိုသော အလေ့အကျင့်ထက် လျှော့ချ၊ ပြန်သုံး၊ ပြန်လည်အသုံးချဆိုသည့် အလေ့အကျင့်ကောင်းများကို လူမှုအသိုင်းအဝိုင်းအတွင်း ပိုမိုကျယ်ပြန့်လာအောင် ဆောင်ရွက်သင့်သည်။

လေထုညစ်ညမ်းမှုသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာကြီးတစ်ရပ်ဖြစ်သော်လည်း ဖြေရှင်းရန်အတွက် လူတစ်ဦးချင်းစီ၏ လုပ်ဆောင်ချက်များမှ စတင်နိုင်သည်။ မိမိနေအိမ်တွင် စွမ်းအင်ကို ချွေတာသုံးစွဲခြင်း၊ အမှိုက်မီးမရှို့ခြင်း၊ သစ်ပင် စိုက်ပျိုးခြင်း၊ လိုအပ်သည့်အခါ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကို အသုံးပြုခြင်း၊ ဖြစ်နိုင်ပါက လမ်းလျှောက်ခြင်းနှင့် စက်ဘီးစီးခြင်းတို့ကို ရွေးချယ်ခြင်းစသည်တို့သည် လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် လူသားတိုင်း ပါဝင်ကူညီနိုင်သည့် လုပ်ဆောင်ချက်များပင်ဖြစ်သည်။ ထို့ပြင် မိသားစုဝင်များ၊ မိတ်ဆွေများနှင့် လူမှုအသိုင်းအဝိုင်းအတွင်း လေထုညစ်ညမ်းမှု၏ ဆိုးကျိုးများကို မျှဝေဆွေးနွေးခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာကိုလည်း တိုးလာစေနိုင်သည်။

လက်ရှိတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများအပြားတွင် လေထုအရည်အသွေးကို ပုံမှန်စောင့်ကြည့်တိုင်းတာခြင်း၊ လေထုညစ်ညမ်းစေသော အရင်းအမြစ်များကို ထိန်းချုပ်ခြင်း၊ စက်ရုံနှင့် လုပ်ငန်းများ၏ ထုတ်လွှတ်မှုစံနှုန်းများကို စနစ်တကျ ကြီးကြပ်ခြင်းနှင့် ပြည်သူများကို လေထုအရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များ အချိန်မီရရှိစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ပါ၍ ယခုနှစ် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့၏ ဆောင်ပုဒ်ဖြစ်သော "ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေ ဖန်တီးစို့"ဟူသည့်အတိုင်း လေထုညစ်ညမ်းမှုကို လျှော့ချရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်၊ သန့်ရှင်းသောစွမ်းအင်များကို ပိုမိုအသုံးပြုရန်နှင့် စိမ်းလန်းသောနေထိုင်မှုပုံစံများကို ဖော်ဆောင်ရန် လူတိုင်းက မိမိတတ်နိုင်သည့်နေရာမှ စတင်လုပ်ဆောင်သင့်သည်။ လူတိုင်းက ယနေ့မှစ၍ အမှိုက်မီးမရှို့ခြင်း၊ စွမ်းအင်ချွေတာခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း၊ စနစ်ကျသော သယ်ယူပို့ဆောင်ရေး နည်းလမ်းများကို ရွေးချယ်ခြင်းတို့မှတစ်ဆင့် သန့်ရှင်းသောလေထု၊ ကျန်းမာသောလူ့အဖွဲ့အစည်းနှင့် ရာသီဥတုကောင်းမွန်သော ကမ္ဘာကြီးကိုအတူတကွ ဖန်တီးသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

**- ၄-၉-၂၀၂၆ထုတ် နေ့စဉ်သတင်းစာများ။**

# ကျွန်မချစ်သူ သူ့ယောက်ျား ဇာတ်လမ်းတွဲကို မဟာအပလီကေးရှင်းနှင့် မဟာရုပ်သံလိုင်းတို့မှ စက်တင်ဘာလ တတိယပတ်တွင် ထုတ်လွှင့်ပြသမည်ဖြစ်




**ရန်ကုန် စက်တင်ဘာ ၆**

Royal King Film Production က ရိုက်ကူးထုတ်လုပ်သည့် ကျွန်မချစ်သူ သူ့ယောက်ျား ရုပ်သံဇာတ်လမ်းတွဲကို မဟာအပလီကေးရှင်းနှင့် မဟာရုပ်သံလိုင်းတို့မှ စက်တင်ဘာလ တတိယပတ်တွင် ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်ထားသည့် သရုပ်ဆောင်ထက်ထက်ထွန်းထံမှ သိရသည်။

အဆိုပါ ကျွန်မချစ်သူ သူ့ယောက်ျား ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို စွမ်းပိုင်က ရေးသားထားပြီး စွမ်းပိုင်ကပင် ဒါရိုက်တာအဖြစ် တာဝန်ယူ ရိုက်ကူးပုံဖော်ထားကြောင်း သိရသည်။

"ထက်ထက်နဲ့ အုပ်စိုးခန့်တို့က ဒီကားမှာ ပထမဦးဆုံး အတွဲအနေနဲ့ ရိုက်ကူးရမဲ့ ဇာတ်ကားလို့လဲ ပြောလို့ရပါတယ်။ ဒီဇာတ်ကားမှာ ကိုညီနန္ဒနဲ့ ယမုံမြင့်မြတ်တို့က သားအဖဇာတ်ရုပ်ပေါ့နော်။ ထက်ထက်နဲ့ အုပ်စိုးခန့်တို့က ငွေရေးကြေးရေးကြောင့် ကွဲသွားတဲ့ ဒရာမာဇာတ်လမ်းလေးပါ။ ပရိသတ်တွေအနေနဲ့ ဒီဇာတ်က ဘယ်လိုပုံစံလေး ဖြစ်မလဲဆိုတာ စောင့်မျှော် ကြည့်ရှုပေးစေချင်ပါတယ်"ဟု အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်ထားသည့် သရုပ်ဆောင် ထက်ထက်ထွန်းက ပြောပြသည်။

အဆိုပါ ကျွန်မချစ်သူ သူ့ယောက်ျား ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အုပ်စိုးခန့်၊ ညီနန္ဒ၊ မင်းသူ၊ ဘုန်းလျှံ၊ ရှင်ရဲထွဋ်၊ မင်းခေတ်၊ ထက်ထက်ထွန်း၊ ဆုပန်ထွာ၊ ယမုံမြင့်မြတ်၊ နှိုင်းယှဉ်မြင့်မိုရ်၊ ဆွိ၊ သူဇာပွင့်၊ မိုကိုခန့်၊ ထူးဝင့်သန္တာ၊ နန်းထိပ်ထားနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Days of Thunder-2 ဇာတ်ကား၌ မင်းသမီး အန်နာဟေသာဝေး ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၆**

Paramount ကုမ္ပဏီ၏ Days of Thunder–2 ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး အန်နာဟေသာဝေး ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

Days of Thunder–2 ဇာတ်ကားတွင်မင်းသမီးအန်နာဟေသာဝေးသည် မင်းသား တွမ်ခရုနှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Days of Thunder–2 ဇာတ်ကားသည် NASCAR ကားပြိုင်ပွဲလောကကို နောက်ခံထားရိုက်ကူးမည့်ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Days of Thunder–2 ဇာတ်ကားကို ဒါရိုက်တာ ဂျိုနသန်လီဗင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဝီစတေပယ်က ရေးသားပေးထားသည်။

အဆိုပါဇာတ်ကားသည် Days of Thunder(1990) ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို မသိရသေးပေ။

Days of Thunder–2 ဇာတ်ကားကို ၂၀၂၈ ခုနှစ် ဇွန် ၂ ရက်တွင် ရုံတင်ပြသရန် Paramount ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# ALTERNATIVE NIGHT တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ THOR Bar ၌ ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၆**

ALTERNATIVE NIGHT တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart Of Rangoon–THOR Bar ၌ စက်တင်ဘာ ၁၀ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် လှိုင်ဦးမော်ထံမှ သိရသည်။

ALTERNATIVE NIGHT တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် လှိုင်ဦးမော်၊ ချောစုခင်တို့နှင့်အတူ အာကာဟိန်း၊ ဟိန်းထိုက်တို့က ညှော့်သည်အဆိုတော်အဖြစ် ပါဝင်ဖျော်ဖြေပေးမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို BPM Music Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တစ်ချိန်က ကိုယ့်ရဲ့ Playlist ထဲမှာ အမြဲရှိခဲ့တဲ့ Alternative သီချင်းကောင်းတွေကို အလွမ်းပြေ




ပြန်လည်နားဆင်နိုင်ဖို့ စက်တင်ဘာ ၁၀ ရက်မှာ တစ်ခေတ်တစ်ခါက ရင်ထဲမှာကျန်ခဲ့တဲ့ သီချင်းတွေနဲ့အတူ Alternative၊ Rock Vibes အပြည့်နဲ့ ကိုယ့်စိတ်ကို လွတ်လပ်စွာ ဖြေလျှော့နိုင်မဲ့ ညတစ်ညကို THOR Bar မှာ ဖန်တီးပေးသွားမှာပါ။ အမှတ်တရဖြစ်စေမဲ့ သီချင်းကောင်းတွေနဲ့အတူ Live Music ရဲ့ အရသာကို အပြည့်အဝခံစားနိုင်မှာပါ"ဟု တေးသံရှင် လှိုင်ဦးမော်က ပြောပြသည်။

ALTERNATIVE NIGHT တေးဂီတဖျော်ဖြေပွဲကို THOR Bar တွင် စက်တင်ဘာ ၁၀ ရက် ညနေ ၆ နာရီ မိနစ် ၃၀ မှ စတင်ကာ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Apple ၏ လျှို့ဝှက်ဆန်းကြယ်ဇာတ်ကား၌ မင်းသား ဂျေမီဒေါ်နန် ပါဝင်လာ

**နယူးယောက် စက်တင်ဘာ ၆**

Apple Original Films ရုပ်ရှင်ကုမ္ပဏီ၏ လျှို့ဝှက်ဆန်းကြယ် ရုပ်ရှင်ဇာတ်ကားတွင် မင်းသား ဂျေမီဒေါ်နန် ပါဝင်လာကြောင်း စက်တင်ဘာ ၅ ရက် သတင်းများအရ သိရသည်။

တရားဝင်ဇာတ်ကားနာမည် ကြေညာခြင်းမရှိသေးသော အဆိုပါဇာတ်ကားတွင် မင်းသားဂျေမီဒေါ်နန်သည် မင်းသမီး ဇိုးကရာဗစ်၊ အဒဲအက်ဆာချိုပေါလပ်တို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို အမျိုးသမီးဒါရိုက်တာမီဂန်းပွဲ့က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ပင် ရေးသားထားသည်။

ဒါရိုက်တာ မီဂန်းပွဲ့သည် My Old Ass ဇာတ်ကားကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

မင်းသား ဂျေမီဒေါ်နန်သည် ဒါရိုက်တာ ကင်းနက်ဘရန်းနက်၏ Belfast ဇာတ်ကားဖြင့် ရွှေကမ္ဘာလုံးရုပ်ရှင်ဆုရရှိခဲ့သော မင်းသားဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ရိုက်ကူးမည့် သိုက်ကြိုးရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးအခမ်းအနားပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၆**

ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ရိုက်ကူးမည့်သိုက်ကြိုး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားကို စက်တင်ဘာ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သိုက်ကြိုး ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာဆောင်းလုလင်၏ မသာရထားနှင့် ကိုကိုလာခေါ်လှည့် အမည်ရှိ လုံးချင်းဝတ္ထုနှစ်ပုဒ်ကို ပေါင်းစပ်ထားသည့် ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ရွှေပြည့်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်)က တာဝန်ယူ ပုံဖော် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝင်းထွန်းထွန်းဆို ဒီကားက ငိုရတော့မယ်လို့ လူတွေက ပြောကြသလိုပဲ ဒီဇာတ်ကားက တကယ်ငိုရမှာပါ၊ ဒီ သိုက်ကြိုး ဇာတ်ကားမှာလဲ အဘွားတစ်ယောက်ရဲ့ မေတ္တာကို ပထမပိုင်းမှာမြင်ရမယ်။ အလယ်မှာတော့ ချစ်စရာကောင်းတဲ့ ကောင်မကလေးရဲ့ရိုမန့်စ်ပေါ့။ ဒါပေမဲ့ ဝင်းထွန်းထွန်းဖြစ်နေလို့ ငိုရအုံးမဲ့ ဇာတ်လမ်းပါ" ဟု ဒါရိုက်တာ ဝင်းထွန်းထွန်း (အနုပညာပြချက်)က ပြောပြသည်။

သိုက်ကြိုး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အေးချမ်းမောင်၊ ညီထွဋ်ခေါင်၊ နေရဲ၊ ရဲလွင်ဦး၊ နေဝန်း၊ ဆင်မ၊ ရွှေသမီး၊ သဇင်နွယ်ဝင်း၊ ချိုပြုံး၊ တင်ဇာဝင်းပြည့်နှင့် အနုပညာရှင်များစွာ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing discusses means to facilitate trade and promote investment between the two countries at the Myanmar-Vietnam Business Forum



President U Min Aung Hlaing delivers a speech at the Myanmar-Vietnam Business Forum.

**Nay Pyi Taw September 6**

The Myanmar-Vietnam Business Forum was held at Melia Hotel in Hanoi, the Socialist Republic of Vietnam, this afternoon to promote trade and investment between the two countries. President of the Republic of the Union of Myanmar U Min Aung Hlaing discussed means to realize the goals of the forum.

Also present at the forum were members of the delegation who accompanied President U Min Aung Hlaing, Member of the Political Bureau of Vietnam and Deputy Prime Minister H.E. Mr. Nguyen Van Thang, Deputy Minister of Finance H.E. Mr. Nguyen Duc Chi and government officials, the patron and members of Union of Myanmar Federation of Chambers of Commerce and Industry, chairs and members of Myanmar-Vietnam friendship associations, and entrepreneurs of the two countries.

The Myanmar President and party arrived at the forum, and were heartily welcomed by officials and entrepreneurs of the two countries.

The forum commenced according to the agenda. Deputy Minister H.E. Mr. Nguyen Duc Chi and UMFCCI Chairman U Aye Win extended greetings.

In his supplementary discussions regarding the forum, Deputy Prime Minister H.E. Mr. Nguyen Van Thang said he was glad to witness the active participation of business entities and organizations of the two countries that are practically implementing the agreements and commitments between the two governments. He expressed belief that they will be able to turn opportunities of bilateral cooperation into practical plans that will generate jobs and products to actually benefit the peoples of the two countries. He said the forum will deepen bilateral partnership and cooperation in multi-sectors, saying that he pays attention



President U Min Aung Hlaing receives Mr. Chu Cong Phung, Chairman of the Vietnam-Myanmar Friendship Association, and his delegation.

to the views and suggestions of businesspersons. Today's forum provides an opportunity to directly hear about hardships the entrepreneurs of both countries are facing in their investments, production and businesses, and their opportunities and future investment plans in dealing with the governments of the two countries. Hence, both Myanmar and Vietnam must utilize their available resources through integration to jointly extend the area of cooperation.

The two countries have already set up a business community, he said, urging Vietnamese businesspersons to continue investing in Myanmar for long-term interest. He said, "I would like to request Your Excellency, Mr. President, to give guidance for extending investments with trust." The Dy PM explained that based on the results of the discussion between the two Heads of States, **Vietnam government would like to present a five-point suggestion—to enhance business links and mutual support between the two countries, to exchange experiences to generate a secure and sustainable economic development, to jointly solve the hardships the businesses are facing through the effective use of the areas of cooperation, for Vietnamese and Myanmar businesses to not only seek economic opportunities** but also work together as reliable, long-term partners, and Vietnam to increase investments in the business in which Myanmar has shortages. Businesspersons of Myanmar and Vietnam at this forum should conduct joint operations and should share their benefits of business development with the peoples of both countries. He wished for the continued progress and success of the bilateral business community, as well as the success of their joint projects.

In discussing the enhancement of bilateral trade and investment, the President expressed great pride and satisfaction in holding a forum on business and investment between Myanmar and Vietnam during his visit, which aims to further strengthen existing friendship and cooperation between the two countries. He conveyed his confidence that the forum would solidify friendly ties and economic cooperation between the two peoples while boosting regional economic development.

He noted that current bilateral cooperation spans extensively across all sectors, including politics and diplomacy as well as security, defence, economy, trade, and investment. He emphasized that **Myanmar-Vietnam relations continue to strengthen regionally through mutual respect, even amid heightened global political and economic shifts and challenges.** *See Page 13*




President U Min Aung Hlaing tours the exhibition booths on display at the Myanmar-Vietnam Business Forum.

# President U Min Aung Hlaing gives guidance to Myanmar Embassy and Military Attaché office staff and their families and scholarship trainees in Hanoi, Vietnam



**President U Min Aung Hlaing meets Myanmar Embassy and Military Attaché office staff and their families and scholarship trainees in Hanoi.**

**Nay Pyi Taw September 6**

President of the Republic of the Union of Myanmar U Min Aung Hlaing, currently in the Socialist Republic of Vietnam, met Myanmar Embassy and Military Attaché office staff and their families and scholarship trainees at the Myanmar Embassy in Hanoi this morning and gave guidance.

On their arrival at the Myanmar Embassy, the President, his spouse Daw Kyu Kyu Hla and delegation members were warmly welcomed by staff and families of Myanmar Embassy and Military Attaché office and trainees.

The President put his signature as record of the guestbook of the embassy.

In meeting with staff and families and trainees, the President said that Vietnam and Myanmar share a fine history of strong friendship and excellent bilateral relations, nurtured and preserved across successive generations of leaders and peoples. Vietnam is a trustworthy nation for Myanmar, bound by shared traditional cultures and customs, as well as historic parallels, particularly in their respective struggles for independence. Vietnam maintains a firm stance regarding Myanmar, marked by warm friendship and active bilateral engagement. Furthermore, as an economy-driven nation and one of the leading ASEAN members in terms of economic growth, Vietnam serves as a model of development, underscoring the need to emulate its economic progress and work genuinely toward national development.

A Hluttaw and government that emerged through a free and fair general election are currently assuming their respective responsibilities in Myanmar. Myanmar is placing emphasis on ensuring stability and peace as well as promoting development. As Myanmar is a country where agriculture and livestock breeding are major sectors, we are promoting the development of agro-based industries and working to boost the national economy. The government is also making efforts to increase investment and trade with regional countries and partner countries.

As embassy and military attaché office staff and their families are serving the duties of the State together abroad, they should support, assist and look after one another, and work together to discharge their respective duties effectively. In addition, they should work together through diplomatic relations to further strengthen bilateral relations and create opportunities for mutually beneficial economic activities, as well as export and import businesses between the two countries.

Although Vietnam experienced the devastation of war and sanctions and restrictions for decades, continuous progress and development were achieved through its tireless efforts driven by patriotism. Myanmar should learn from Vietnam's experience, urging everyone to live together in unity and contribute to the interests of the country in whatever way they can. Then, the President gave necessary instructions.

After the meeting, the President and his spouse presented gifts and cash rewards for staff and families of Myanmar Embassy and Military Attaché office and trainees. The Ambassador, the Military Attaché (Army, Navy and Air) and trainees accepted the gifts and cash awards.

The President and his spouse cordially greeted Myanmar Embassy and Military Attaché office staff and their families and scholarship trainees. MNA

---

*From Page 12*

In particular, he stated that economic and trade cooperation reflects strong potential for greater development in the future of both nations.

He stated that **Vietnam is an important trading partner for Myanmar, with Myanmar primarily exporting agricultural, aquatic, and food products to Vietnam, while importing fertilizers, plastic goods, vehicles, spare parts, and steel products from Vietnam.** He added that investment is crucial for a country's development and serves as a key driving force in strengthening bilateral relations. Vietnamese investors are primarily engaged in Myanmar's manufacturing, transport, communications, hotel, tourism, and services sectors, while also investing in mining, oil and natural gas, livestock, and fisheries. Highlighting a notable investment, he mentioned that Mytel Myanmar, established in 2018, plays a vital role in Myanmar's telecommunications sector and stands as an exemplary model of bilateral investment and technological cooperation.

He expressed confidence in further expanding multifaceted cooperation between Myanmar and Vietnam in areas such as telecommunications, technology, industry, agriculture, energy, tourism, and human resource development. Highlighting Myanmar's investment opportunities, he noted its strategic geographic location connecting China, India, South Asia, Southeast Asia, and the Indian Ocean, as well as its extensive fertile land, abundant natural resources, and rich freshwater and marine reserves. He added that the tropical climate enables year-round agricultural activities. He invited Vietnamese entrepreneurs to leverage regional agreements to partner with local businesses in setting up value-added manufacturing operations such as agricultural input production and food and aquatic product processing to jointly enter global food value chains. Furthermore, he extended an invitation for Vietnamese cooperation in digital infrastructure, cybersecurity, e-government service transformation, telecommunication technology, digital payment systems, and the development of an innovative business ecosystem.

He noted that tourism represents another promising sector to expand Myanmar-Vietnam economic cooperation, as the natural beauty, cultural heritage, and unique travel destinations of both nations can attract both local and international tourists, creating mutual opportunities in hotel and hospitality services. Likewise, he invited Vietnamese investors to invest in key infrastructure development projects, including hydropower, solar, and biomass energy production, as well as infrastructure projects along the India-Myanmar-Thailand Trilateral Highway and the ASEAN Economic Corridor, alongside iron, steel, and cement manufacturing.

Vietnamese investors undertaking investments in Myanmar are able to establish not only industrial zones and special economic zones but also integrated agricultural zones and industrial projects, according to official reports. Myanmar currently has three major special economic zones: Kyaukphyu Deep-Seaport and Special Economic Zone, Thilawa Special Economic Zone and Dawei Deep-Seaport and Special Economic Zone. Among these, the Thilawa Special Economic Zone is poised to connect with the East-West Economic Corridor (EWEC)—one of the Greater Mekong Subregion (GMS) Economic Corridors—which traverses Myanmar (Myawaddy), Thailand, Laos and Vietnam (Da Nang). This connectivity is expected to transform the route into a strategically significant transnational trade corridor in the future.

Similarly, the Dawei Deep-Seaport and Special Economic Zone is anticipated to become a strategically vital location in the years ahead, linking with the Southern Economic Corridor (SEC) of the GMS Economic Corridor, which runs from Myanmar (Dawei) through Bangkok and Luang Prabang to Vietnam (Da Nang). This development positions the project as a major regional initiative of considerable importance.

Furthermore, Myanmar provides protection for domestic products and investments under four intellectual property laws. In promoting investment, the government places emphasis on technology collaboration, the creation of high-quality employment opportunities and the enhancement of domestic manufacturing capabilities. In this regard, Myanmar has affirmed its commitment to facilitating Vietnamese investment enterprises and prioritising the expansion of bilateral trade and investment between the two nations.

In line with the adage, **"If you want to go fast, go alone; if you want to go far, go together,"** it was noted that amid the current global economic uncertainties, it is challenging for any single nation or company to stand alone. Therefore, under the comprehensive cooperative partnership established between Myanmar and Vietnam, there is an urgent need to accelerate collaboration across a wide range of sectors, including economy, trade and investment, transportation, information and communications technology, science and technology, agriculture, livestock breeding, tourism, and people-to-people exchanges.

The business forum convened today is expected to foster a sustainable economic partnership that will benefit not only the present generation but also future ones. It was expressed with conviction that the two countries can jointly build **a future grounded in mutual respect,** *See Page 14*

# High-level Myanmar delegation led by President of Republic of Union of Myanmar U Min Aung Hlaing and spouse Daw Kyu Kyu Hla arrives back from Vietnam to Myanmar



President U Min Aung Hlaing and spouse Daw Kyu Kyu Hla being seen off at Noi Bai International Airport in Hanoi.



President U Min Aung Hlaing and spouse Daw Kyu Kyu Hla being welcomed back at Nay Pyi Taw Airport.

**Nay Pyi Taw September 6**

A high-level Myanmar delegation led by President of the Republic of the Union of Myanmar and spouse Daw Kyu Kyu Hla, after paying an official visit to the Socialist Republic of Vietnam at the invitation of President of the Socialist Republic of Vietnam Mr. To Lam and his wife, left Noi Bai International Airport in Hanoi this afternoon.

The delegation was seen off at the airport by Member of the Party Central Committee of the Socialist Republic of Vietnam Minister of President's Office Mr. Le Khanh Hai, senior officials and officials, the Vietnamese ambassador to Myanmar, Myanmar Ambassador to Vietnam U Wai Lin and his wife, Myanmar Military Attache (Army, Navy and Air) Brig-Gen Zaw Min and officials.

During the farewell, the guard of honour of Vietnam saluted the delegation from both sides of the red carpet.

Members of the entourage of the President union ministers U Khin Maung Yi, U Tin Maung Swe, U Min Naung, Dr Charlie Than and U Tun Ohn and senior officers from the Office of the Commander-in-Chief of Defence Services returned with the President.

During the visit, the President held bilateral talks with the Vietnamese president and discussions with the Vietnamese prime minister and the chairman of the National Assembly and frankly exchanged views on promotion of bilateral friendship and cooperation, further consolidation of existing bilateral friendship, acceleration of cooperation between the two governments, parliaments and peoples and enhancement of trade and investment and other multi-sectoral cooperation while visiting digital technology and other industries of Vietnam and attending the Myanmar-Vietnam economic forum, carrying out the boosting of trade and investment between the two countries.

The high-level Myanmar delegation led by the President and first lady arrived back at the airport in Nay Pyi Taw in the evening and was cordially welcomed back by Vice President U Nyo Saw and his wife, Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi and his wife, Speaker of Amyotha Hluttaw U Aung Lin Dwe and his wife, Commander-in-Chief of Defence Services General Ye Win Oo and his wife, union ministers and their wives, the commander of Nay Pyi Taw command and officials from the Embassy of Vietnam in Myanmar. MNA

*From Page 13*

**driven by technology-based development, and geared towards mutual benefit.**

Subsequently, the President and delegation toured the exhibition booths on display at the Myanmar-Vietnam Business Forum, engaging with officials at each exhibit to seek further clarification and discuss the presentations made.

Approximately 600 business representatives from both Myanmar and Vietnam attended today's Myanmar-Vietnam Business Forum. The event featured the exchange of memoranda of understanding on cooperation and understanding among entrepreneurs, along with over 20 exhibition booths showcasing products from both countries. The forum successfully generated numerous trade and investment opportunities between the two nations.

In a related development, the President received Mr. Chu Cong Phung, Chairman of the Vietnam-Myanmar Friendship Association, and his delegation. During the meeting, the parties exchanged candid views on enhancing economic and people-to-people ties, promoting multifaceted cooperation and ensuring the successful implementation of joint business endeavours with the support of both governments.

MNA

# Japan's opposition DPP re-elects Yuichiro Tamaki as leader

**Tokyo September 6**

Japan's opposition Democratic Party for the People (DPP) held a leadership election in Tokyo on Sunday, with incumbent head Yuichiro Tamaki re-elected to a third term, local media reported.

According to Kyodo News, Tamaki, 57, defeated Mikihiko Hashimoto, a 30-year-old House of Representatives lawmaker, in the election. His new three-year term runs through the end of September 2029.

At a victory press conference, Tamaki said he would listen to a wide range of opinions, strengthen ties between party headquarters and local party members and supporters, and begin preparations for next spring's unified local elections.

In September 2020, opposition forces including the Constitutional Democratic Party of Japan (CDPJ) and the majority of the then DPP merged to form the country's largest opposition party at the time, retaining the name of CDPJ.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကနီမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းကေ ၂၃၉၁၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကနီ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းကေ ၂၃၉၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းကေ ၂၃၉၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ နှမ်းကေ ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့အသိပညာပေးသွားပါမယ်" ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်း ယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)






# သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး



**သံဖြူဇရပ် စက်တင်ဘာ ၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် စက်စဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုသန္တာလင်းနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ စက်စဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ် အခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

စက်စဲကျေးရွာ၌ လမ်းအရှည် ပေ ၂၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၅၂ ဒသမ ၆ သန်းအသုံးပြုပြီး HYZ ကုမ္ပဏီက တာဝန်ယူ၍ ဩဂုတ် ၃ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက စက်စဲကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ သွားလာရေးလွယ်ကူစေမည်ဖြစ်ကြောင်း သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးက ပြောပြ၍ သိရသည်။

**ချိုလေး**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပိန်းဥပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပိန်းဥပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပိန်းဥပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပိန်းဥပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပိန်းဥပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်က တင်ပို့ခဲ့တဲ့ ပိန်းဥတွေက အရည်အသွေးကောင်းမွန်ပါတယ်။ ဓနုဖြူမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီဒေသထွက်ပိန်းဥတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။



ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါပိန်းဥများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တနိုင်းမြို့နယ် လမုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တနိုင်း စက်တင်ဘာ ၆**

ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကောကျေးရွာအုပ်စု လမုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တနိုင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးက ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေ တိုးပွားလာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးနှင့် တိုးပွားလာသည့် ရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၅၅၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁၆၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် သိန်း ၃၉၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၁ ဦးကို ရန်ပုံငွေကျပ် ၅၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်”တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**ယနေ့ဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံပြည်သူများကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းခိုင်မာစေပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အားပေးမြှင့်တင်နိုင်မည်ဟု ယုံကြည် . . .**

**အနာဂတ်တွင်လည်း မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကြား ဆက်သွယ်ရေး၊ နည်းပညာ၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်နှင့် ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့အပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်သွားရန် ယုံကြည်ချက်ရှိ . . .**

ရှေ့ဖုံးမှအဆက်

နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါ **“မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်”**သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Duc Chi နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နာယကနှင့်အဖွဲ့ဝင်များ၊ မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံချစ်ကြည်ရေးအသင်းများမှဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည်အခမ်းအနားသို့ရောက်ရှိလာရာ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် “မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်”ကို အခမ်းအနားအစီအစဉ်အတိုင်း စတင်ကျင်းပရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Nguyen Duc Chi နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းတို့က ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H. E. Mr. Nguyen Van Thang က စီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် ယခုစီးပွားရေးဖိုရမ်နှင့် ပတ်သက်၍ နှစ်နိုင်ငံအစိုးရများကြား သဘောတူညီချက်များနှင့် ကတိကဝတ်များကို လက်တွေ့အကောင်အထည်ဖော်ပေးနေကြသော နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် အသင်းအဖွဲ့များ၏ တက်ကြွစွာပါဝင်မှုကို ဝမ်းမြောက်စွာတွေ့မြင်ရပါကြောင်း၊ ၎င်းတို့အနေဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အလားအလာများကို လက်တွေ့ကျသော စီမံကိန်းများအဖြစ် ပြောင်းလဲပေးပြီး ထုတ်ကုန်များ၊ အလုပ်အကိုင်များဖန်တီးပေးကာ နှစ်နိုင်ငံပြည်သူများအတွက် အမှန်တကယ်အကျိုးကျေးဇူးများဖြစ်ထွန်းစေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ ဖိုရမ်ပြုလုပ်ခြင်းအားဖြင့် နှစ်နိုင်ငံကြား ဘက်စုံမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းပြီး ထိရောက်လာစေမည်ဖြစ်ပါကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အမြင်နှင့် အကြံပြုချက်များကို မိမိအနေဖြင့် အလေးထားပါကြောင်း၊ ယနေ့ဖိုရမ်သည် နှစ်နိုင်ငံအစိုးရများကြား နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ကြုံတွေ့နေရသည့်အခက်အခဲများ၊အခွင့်အလမ်းများ၊ အနာဂတ်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို တိုက်ရိုက်နားထောင်နိုင်သည့် အခွင့်အရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံလုံးအနေဖြင့် ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် အရင်းအမြစ်များကိုပေါင်းစပ်အသုံးချပြီး ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကို အတူတကွ ချဲ့ထွင်သွားရန် လိုအပ်ကြောင်း။

မိမိတို့နှစ်နိုင်ငံအနေဖြင့် စီးပွားရေးအသိုက်အဝန်းကို ယခင်ကတည်းကပင် ထူထောင်ထားရှိပြီး ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ရေရှည်ရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်သွားလိုပါကြောင်း၊ သို့ဖြစ်ပါ၍ အဆွေတော်သမ္မတကြီးအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ယုံကြည်စွာဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်ရေးလိုအပ်သည်များကို လမ်းညွှန်ပေးစေလိုပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုရလဒ်များအရ **ဗီယက်နမ်နိုင်ငံအစိုးရအနေဖြင့် နှစ်နိုင်ငံကြား စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်မှုနှင့် အပြန်အလှန်ပံ့ပိုးမှုများကို ပိုမိုမြှင့်တင်သွားရန်၊ အတွေ့အကြုံများကို အပြန်အလှန်မျှဝေ၍ လုံခြုံစိတ်ချရပြီး ရေရှည်တည်တံ့သည့် စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်သွားရန်၊ လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် အခန်းကဏ္ဍများကို ထိရောက်စွာအသုံးချပြီး စီးပွားရေးလုပ်ငန်းများ၌ ကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွ ပူးပေါင်းဖြေရှင်းသွားရန်၊ ဗီယက်နမ်နှင့် မြန်မာစီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးအခွင့်အလမ်းရှာဖွေရုံသာမက** ယုံကြည်စိတ်ချရသော ရေရှည်မိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံ၏စီးပွားရေးအရ လိုအပ်ချက်ရှိသည့် ကဏ္ဍများတွင် ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်သွားရန်စသည့် အချက်ငါးချက်ကို အကြံပြုလိုပါကြောင်း၊ တက်ရောက်လာကြသည့် မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အတူတကွပူးပေါင်းဆောင်ရွက်သွားကြရန်လိုပြီး စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၏ အကျိုးရလဒ်များကို နှစ်နိုင်ငံပြည်သူများ ခံစားရရှိသွားကြရန်လိုကြောင်း၊ နှစ်နိုင်ငံစီးပွားရေးအသိုက်အဝန်း ဆက်လက်ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများရရှိနိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ ဆက်လက်အောင်မြင်မှုများရရှိနိုင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားနိုင်ရန်ရည်ရွယ်သည့် မိမိ၏ ခရီးစဉ်အတွင်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖိုရမ်တစ်ရပ်ကျင်းပနိုင်သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယနေ့ဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံပြည်သူများကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းခိုင်မာစေပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အားပေးမြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

လက်ရှိတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံရေးနှင့် သံတမန်ရေးရာကဏ္ဍများတွင်သာမက လုံခြုံရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍပေါင်းစုံတွင် ကျယ်ပြန့်နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ **မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွား**





ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang က စီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung နှင့် အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံစဉ်။

**ဗီယက်နမ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ဒေသတွင်းသဘောတူညီချက်များကို အခြေပြု၍ မြန်မာနိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းကာ လယ်ယာအခြေခံသွင်းအားစုထုတ်လုပ်ခြင်း၊ စားသောက်ကုန်နှင့် ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းစသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပြီး ကမ္ဘာ့စားနပ်ရိက္ခာတန်ဖိုးကွင်းဆက်အတွင်း အတူတကွဝင်ရောက်နိုင်ရန်ဖိတ်ခေါ် . . .**

ရေးအပြောင်းအလဲများ၊ စိန်ခေါ်မှုများမြင့်မားနေသည့်ကာလအတွင်း၌ပင် အပြန်အလှန်လေးစားမှုများဖြင့်ဒေသတွင်းတွင် အားကောင်းခိုင်မာစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံ၏အနာဂတ်တွင် ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်မည့် အလားအလာကောင်းများကို ထင်ဟပ်ဖော်ပြနေကြောင်း။

**ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် စားသောက်ကုန်များကို ဗီယက်နမ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကာ ဗီယက်နမ်နိုင်ငံမှ ဓာတ်မြေဩဇာ၊ ပလတ်စတစ်ထုတ်ကုန်များ၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ၊ သံမဏိထုတ်ကုန်များကို အဓိကတင်သွင်းလျက်ရှိကြောင်း၊** ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းစေရန်အတွက်လည်း အဓိကကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း၊ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့တွင် အဓိကဆောင်ရွက်နေကြပြီး သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ ထင်ရှားသည့် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အနေဖြင့် ၂၀၁၈ ခုနှစ်တွင်စတင်ခဲ့သည့် Mytel Myanmar လုပ်ငန်းသည် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေပြီး နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၏ စံနမူနာကောင်းတစ်ခုဖြစ်ကြောင်း။

အနာဂတ်တွင်လည်း မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကြား ဆက်သွယ်ရေး၊ နည်းပညာ၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်နှင့် ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့အပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် ယုံကြည်ချက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် တရုတ်၊ အိန္ဒိယ၊ တောင်အာရှ အရှေ့တောင်အာရှနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်သွယ်ပေးနိုင်သည့် အချက်အချာနေရာတွင်တည်ရှိပြီး စိုက်ပျိုးဖြစ်ထွန်းသည့် မြေဧရိယာများစွာရှိသကဲ့သို့ သဘာဝသယံဇာတများ၊ ရေချိုနှင့် ရေငန်သဘာဝအရင်းအမြစ်များပေါကြွယ်ဝကြောင်း၊ ပူအိုက်စွတ်စိုသည့် ရာသီဥတုရှိသဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ဒေသတွင်းသဘောတူညီချက်များကိုအခြေပြု၍ မြန်မာနိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းကာ လယ်ယာအခြေခံ သွင်းအားစုထုတ်လုပ်ခြင်း၊ စားသောက်ကုန်နှင့် ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းစသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပြီး ကမ္ဘာ့စားနပ်ရိက္ခာတန်ဖိုးကွင်းဆက်အတွင်း အတူတကွဝင်ရောက်နိုင်ရန်ဖိတ်ခေါ်ပါကြောင်း၊ ထို့ပြင် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ၊ ဆိုက်ဘာလုံခြုံရေး၊ အစိုးရဝန်ဆောင်မှုများကို ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင်ဖော်ဆောင်ရေးတို့တွင် ဗီယက်နမ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုဖိတ်ခေါ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည်လည်း မြန်မာ-ဗီယက်နမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့နိုင်မည့် အလားအလာကောင်းသည့်ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ၏ တောတောင်ရေမြေ၊ သဘာဝအလှအပ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ထူးခြားသည့် ဒေသခရီးစဉ်များသည် နှစ်နိုင်ငံခရီးသွားများသာမက နိုင်ငံတကာမှ ခရီးသွားများကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်သဖြင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိကြောင်း၊ ထို့အတူ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အရေးပါသည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးနှင့် Biomass စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများ၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီးနှင့် အာဆီယံစီးပွားရေးစင်္ကြံတစ်လျှောက် အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်းများ၊ သံ၊ သံမဏိနှင့် ဘိလပ်မြေထုတ်လုပ်ခြင်း လုပ်ငန်းများတွင်လည်း ဗီယက်နမ်လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း။

ဗီယက်နမ် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာ၌ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များတွင်သာမက လယ်ယာပေါင်းစည်းဇုန်များနှင့် စက်မှုစီမံကိန်းများကိုလည်း ထူထောင်ဆောင်ရွက်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ဟူ၍ အထူးစီးပွားရေးဇုန်ကြီး သုံးခုရှိပြီး သီလဝါစီးပွားရေးဇုန်သည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံများ(GMS Economic Corridors)အနက် အရှေ့-အနောက် စီးပွားရေးစင်္ကြံ(EWEC-East-West Economic Corridor)ဖြစ်သည့် မြန်မာနိုင်ငံ(မြဝတီ)-ထိုင်း-လာအို-ဗီယက်နမ်နိုင်ငံ(ဒါနန်း) လမ်းကြောင်းနှင့် ချိတ်ဆက်သွားမည်ဖြစ်သဖြင့် အနာဂတ်တွင် ဒေသတွင်း အရေးပါသည့် နိုင်ငံဖြတ်ကျော်မဟာဗျူဟာမြောက် ကုန်သွယ်ရေးလမ်းကြောင်းတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်သည်လည်း အနာဂတ်တွင် မဟာဗျူဟာမြောက်အရေးပါသည့် နေရာတစ်ခုဖြစ်လာမည်ဖြစ်ပြီး GMS Economic Corridors အနက် Southern Economic Corridor(SEC) တောင်ပိုင်းစီးပွားရေးစင်္ကြံလမ်းဖြစ်သည့် မြန်မာနိုင်ငံ(ထားဝယ်)-ဗန်ကောက်-လွန်ပရာဘမ်-ဗီယက်နမ်နိုင်ငံ(ဒါနန်း) လမ်းကြောင်းနှင့် ချိတ်ဆက်သွားနိုင်မည်ဖြစ်သဖြင့် ဒေသတွင်းအရေးပါသည့် မဟာစီမံကိန်းတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို မူပိုင်ခွင့်ဥပဒေလေးရပ်နှင့်အညီ အကာအကွယ်ပေးလျက်ရှိသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ရာတွင်လည်း နည်းပညာပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့်အလုပ်အကိုင်များ ဖန်တီးခြင်းနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပံ့ပိုးကူညီပေးသွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**“တစ်ဦးတည်းဆိုပါက လျင်မြန်စွာသွားနိုင်သော်လည်း အတူတကွပူးပေါင်းမှသာလျှင် ဝေးဝေးသို့ရောက်နိုင်သည်”**ဆိုသည့် အဆိုအမိန့်အတိုင်း ယနေ့ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမရေရာမှုများနှင့် ရင်ဆိုင်နေရချိန်တွင်နိုင်ငံတစ်ခုတည်း၊ ကုမ္ပဏီတစ်ခုတည်းဖြင့် ရပ်တည်ရန်ခက်ခဲကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ကြားထူထောင်ထားသည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေးအောက်တွင် အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှု အပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယနေ့ကျင်းပသည့် စီးပွားရေးဖိုရမ်သည် ပစ္စုပ္ပန်ကာလအတွက်သာမက အနာဂတ်မျိုးဆက်များအတွက်ပါ အကျိုးရှိမည့်ရေရှည်တည်တံ့သည့် စီးပွားရေးမိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကြား **“အပြန်အလှန်လေးစားမှုကိုအခြေခံသည့် မိတ်ဖက်ဆက်ဆံရေး၊နည်းပညာကိုအခြေခံသည့်ဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းစေမည့် အနာဂတ်”**ကို အတူတကွဖော်ဆောင်သွားနိုင်မည်ဟုယုံကြည်ကြောင်းကို အလေးအနက် ဆွေးနွေးပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် **“မြန်မာ-ဗီယက်နမ်စီးပွားရေးဖိုရမ်”**တွင် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး ပြခန်းအလိုက်တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယနေ့တွင်ကျင်းပသည့် **“မြန်မာ-ဗီယက်နမ်စီးပွားရေးဖိုရမ်”**တွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင် ၆၀၀ ခန့် တက်ရောက်ခဲ့ကြပြီး လုပ်ငန်းရှင်များကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာများ အပြန်အလှန်လက်မှတ်ရေးထိုးခြင်းနှင့် နှစ်နိုင်ငံမှထုတ်ကုန်ပစ္စည်းများကိုပြခန်းပေါင်း ၂၀ ကျော် ခင်းကျင်းပြသနိုင်ခဲ့ကြကာ နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung နှင့် အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံကြား စီးပွားရေးနှင့် ကူးလူးဆက်ဆံမှုများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရေး၊ အစိုးရနှစ်ရပ်၏ အားပေးမှုနှင့်အတူ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

☆ ကျောဖုံးမှအဆက်

အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ဂုဏ်ပြုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံသမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပခြင်း၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကိုပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများကြား၊ လွှတ်တော်များကြားနှင့် ပြည်သူများကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားနယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့သည့်အပြင် ဗီယက်နမ်နိုင်ငံရှိ ဒစ်ဂျစ်တယ်နည်းပညာနှင့် စက်မှုလုပ်ငန်းများကို သွားရောက်လေ့လာခြင်း၊ မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်စဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံရုံးတို့မှတာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

PPIB News

## ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော်လည်း ကျုံပျော်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၁၁ လက်မခန့်သာ ကျန်ရှိသဖြင့် ၁ ပေ ၂ လက်မခန့် ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၂ လက်မခန့်သာ ကျန်ရှိသဖြင့် ၁၁ လက်မခန့်ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၁၀ လက်မခန့်သာ ကျန်ရှိသဖြင့် ၄ ပေ ၄ လက်မခန့်ထိကျဆင်းသွားခဲ့ကြောင်း သိရသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကိုဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## သံလွင်၊ စစ်တောင်း၊ ပဲခူးမြစ်ရေအခြေအနေ

နေပြည်တော် စက်တင်ဘာ ၆

ယနေ့ နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေ ၂ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေ ၃ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ရှစ်လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၀ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်၊ မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဟန္နိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို ယနေ့နံနက်ပိုင်းတွင် မြန်မာသံရုံး၌တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များလိုက်ပါ၍ မြန်မာသံရုံးသို့ရောက်ရှိကြရာ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင်သင်တန်းသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သံရုံး ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားရာတွင် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ခေတ်အဆက်ဆက် နှစ်နိုင်ငံနိုင်ငံ့ခေါင်းဆောင်များ အချင်းချင်းနှင့် ပြည်သူများအဆက်ဆက် ထိန်းသိမ်းပြုစုပျိုးထောင်ခဲ့ကြသည့် ခိုင်မာသည့်ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့်ဆက်ဆံမှုသမိုင်းကောင်းများရှိကြကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်ခုဖြစ်ပြီး နှစ်နိုင်ငံကြား တူညီသည့်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် သမိုင်းကြောင်းဆိုင်ရာများရှိကြပြီး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းသည်လည်း တူညီမှုများစွာရှိခဲ့ကြကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ခိုင်မာသည့်ရပ်တည်ချက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုကောင်းများရှိသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် စီးပွားရေးကိုအလေးထားသည့် နိုင်ငံတစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုများကို အတုယူကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အလုပ်လုပ်ကြရန်လိုကြောင်း။

မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့် အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်း Agro-based Industry ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်၍ နိုင်ငံ့စီးပွားတိုးတက်အောင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများတိုးမြှင့်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

> **ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်ခုဖြစ်ပြီး နှစ်နိုင်ငံကြား တူညီသည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် သမိုင်းကြောင်းဆိုင်ရာများရှိကြပြီး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းသည်လည်း တူညီမှုများစွာရှိ . . .**
>
> **နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ရေး၊ နှစ်နိုင်ငံအကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှတစ်ဆင့် ဝိုင်းဝန်းဆောင်ရွက် . . .**

သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏တာဝန်များကို အတူတကွလာရောက် ထမ်းဆောင်နေကြခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦးဖေးမကူညီစောင့်ရှောက်ကြရန်နှင့် မိမိတို့၏လုပ်ငန်းတာဝန်များကိုကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ရေး၊ နှစ်နိုင်ငံ အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှတစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

ဗီယက်နမ်နိုင်ငံအနေဖြင့် စစ်ပွဲဒဏ်နှင့် အရေးယူပိတ်ဆို့ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသော်လည်း နိုင်ငံချစ်စိတ်ဖြင့် အပတ်တကုတ်ကြိုးစားအားထုတ်မှုများကြောင့် တိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်ခဲ့ကြသည်ကို အတုယူကြရန်လိုကြောင်း၊ အချင်းချင်းစည်းလုံးညီညွတ်စွာနေထိုင်၍ နိုင်ငံ့အကျိုးကို တစ်ထောင့်တစ်နေရာက ပါဝင်ထမ်းရွက်သွားကြရန် မှာကြားလိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများ အတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) နှင့် သင်တန်းသားများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

PPIB News

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မြှင့်တင် သတ္တမမြောက်ခရီးစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းတို့ နှစ်နိုင်ငံမှ တာဝန်ရှိသူများနှင့်အတူ တွေ့ဆုံဆွေးနွေးစဉ်။ (၅-၉-၂၀၂၆)

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နဲ့ ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်တဲ့ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ရဲ့ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ တရားဝင်ခရီးစဉ် (Official Visit) ဒုတိယမြောက်နေ့ရက်ပဲ ဖြစ်ပါတယ်။ ဒီခရီးစဉ်ဟာ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနက်ရှိုင်းစေပြီး ခေတ်အဆက်ဆက်က ထူထောင်လာခဲ့တဲ့ သံတမန်ရေးရာ ခိုင်မာမှုကို ထင်ဟပ်ပြသနေပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ ရောက်ရှိနေရာ ဟန္နိုင်းမြို့တော်ရဲ့ ရာသီဥတုကတော့ စက်တင်ဘာလ အစောပိုင်း မိုးစက်မိုးပေါက်လေးတွေနဲ့အတူ စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာတဲ့ မိုးတွင်းကာလ ရာသီဥတုအခြေအနေကို ပိုင်ဆိုင်ထားပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (၅-၉-၂၀၂၆)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ ဟိုချီမင်းဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (၅-၉-၂၀၂၆)

**သမိုင်းဝင်ဂူဗိမာန်များတွင် လွမ်းသူ့ပန်းခွေချအလေးပြုခြင်း**

အမျိုးသား သူရဲကောင်းတွေနဲ့ အာဇာနည်များဗိမာန်မှာ လွမ်းသူ့ပန်းခွေချအလေးပြုကြတဲ့ အခမ်းအနားကို နိုင်ငံတော်သမ္မတကြီးနဲ့ ဇနီးတို့ ကိုယ်တိုင် ဦးဆောင်တက်ရောက်ခဲ့ကြပါတယ်။ အဆိုပါဗိမာန်ဟာ ဗီယက်နမ်နိုင်ငံရဲ့ လွတ်လပ်ရေးနဲ့ အမျိုးသားအကျိုးစီးပွားအတွက် အသက်ပေးစွန့်လွှတ်ခဲ့ကြတဲ့ သူရဲကောင်းတွေကို ဂုဏ်ပြုတည်ဆောက်ထားတဲ့ နိုင်ငံတော်အဆင့် အထင်ကရနေရာတစ်ခု ဖြစ်ပါတယ်။ ခမ်းနားတဲ့စစ်တီးဝိုင်းအဖွဲ့ရဲ့ အာဇာနည်များအတွက် ဂါရဝပြုတီးမှုတ်မှုတွေနဲ့အတူ အလေးပြုနေပုံဟာ ဟန္နိုင်းမြို့ရဲ့ သမိုင်းဝင်နောက်ခံမြင်ကွင်းနဲ့ အလွန်လိုက်ဖက်ညီနေပါတယ်။

ဗီယက်နမ်နိုင်ငံရဲ့ အထွတ်အမြတ်ထားရာ ဟိုချီမင်းဂူဗိမာန်ကို ဆက်လက်သွားရောက်ပြီး နိုင်ငံတော်သမ္မတကြီးနဲ့ အဖွဲ့ဝင်တွေက လွမ်းသူ့ပန်းခွေချအလေးပြုခဲ့ကြပါတယ်။ ဗီယက်နမ်ပြည်သူ့တပ်မတော်ရဲ့ စစ်တီးဝိုင်းအဖွဲ့က ကွယ်လွန်သူ သမ္မတကြီး ဟိုချီမင်းအတွက် ဂါရဝပြုတီးမှုတ်ပေးခဲ့ကြပြီး ဂူဗိမာန်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြပါတယ်။ ၎င်းဂူဗိမာန်ဟာ ဗီယက်နမ်ပြည်သူတွေရဲ့ ခေါင်းဆောင်ကြီးအပေါ် ထားရှိတဲ့ လေးစားချစ်ခင်မှုကို ဖော်ပြနေတဲ့ ဟန္နိုင်းမြို့ရဲ့ အထင်ရှားဆုံး သမိုင်းဝင်ယဉ်ကျေးမှု နယ်မြေတစ်ခုလည်း ဖြစ်ပါတယ်။

**ပိုးထည်ရွာသို့ လေ့လာရေးခရီးသွားရောက်ခြင်း**

နိုင်ငံတော်သမ္မတရဲ့ဇနီး ဒေါ်ကြူကြူလှက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတရဲ့ဇနီး မဒမ် ငိုဖုန်လီနဲ့အတူ ဗီယက်နမ်ရဲ့ ရှေးဟောင်းလက်မှုအမွေအနှစ်တစ်ခုဖြစ်တဲ့ Van Phuc ပိုးထည်ရွာကို သွားရောက်လေ့လာခဲ့ပါသေးတယ်။ ပိုးထည်ရွာဟာ နှစ်ပေါင်း ၁၀၀၀ ကျော် သမိုင်းကြောင်းရှိခဲ့တဲ့ ဗီယက်နမ်ရဲ့ အထင်ရှားဆုံး ရိုးရာပိုးထည်ရက်လုပ်ရာ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ပိုးမွေးမြူတာကစပြီး ပိုးချည်ထုတ်လုပ်တာ၊ ရိုးရာရက်ကန်းစင်တွေနဲ့ ရက်လုပ်တာအပြင် ခရီးသွားလုပ်ငန်းနဲ့ပါ ချိတ်ဆက်ဖွံ့ဖြိုးလာပုံတွေကို နိုင်ငံတော်သမ္မတရဲ့ ဇနီးက စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်ရှေ့ ရင်ပြင်၌ ခမ်းနားထည်ဝါစွာ ကြိုဆိုခြင်း**

ဟန္နိုင်းမြို့ရဲ့ နေ့သစ်တစ်ခုဟာ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ အဆင့်မြင့် ကိုယ်စားလှယ်ကြီးများရဲ့ မနားမနေ ကြိုးပမ်း ဆောင်ရွက်မှုများနဲ့အတူ သက်ဝင်လှုပ်ရှားလျက်ရှိနေပါတယ်။

အမျိုးသားလွှတ်တော်ရှေ့ ရင်ပြင်မှာတော့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က နိုင်ငံတော်သမ္မတကြီးနဲ့ ဇနီးတို့ကို ဂုဏ်ပြုတပ်ဖွဲ့နဲ့ ခမ်းနားထည်ဝါစွာကြိုဆိုခဲ့ကြပါတယ်။ ဗီယက်နမ်ကျောင်းသား၊ ကျောင်းသူလေးတွေက ဂုဏ်ပြုပန်းစည်းများနဲ့ လှိုက်လှဲစွာကြိုဆိုခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ နှစ်နိုင်ငံ နိုင်ငံတော် သီချင်းများနဲ့ တီးမှုတ်အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးခဲ့ကြပါတယ်။ ယခု အခမ်းအနားကျင်းပတဲ့ အမျိုးသားလွှတ်တော်တည်ရှိရာ ဟန္နိုင်းမြို့ရဲ့ နိုင်ငံရေးဗဟိုချက်မနေရာဟာ ခမ်းနားတဲ့ ဗိသုကာလက်ရာတွေနဲ့ ပြည့်နှက်နေပြီး နှစ်နိုင်ငံခေါင်းဆောင်တွေရဲ့ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုထင်ရှားစေခဲ့ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (၅-၉-၂၀၂၆)

**နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံရေးနောက်ခံသမိုင်း**

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို အမျိုးသားလွှတ်တော် ခန်းမအတွင်းမှာ ကျင်းပခဲ့ကြပြီး နှစ်ဖက်ခေါင်းဆောင်တွေက ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ခဲ့ကြပါတယ်။ ဗီယက်နမ်သမ္မတက ရုရှားနိုင်ငံ မော်စကိုမြို့မှာကျင်းပခဲ့တဲ့ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ်ပွဲမှာ တွေ့ဆုံခဲ့ရတာကို ပြန်ပြောင်းပြောကြားခဲ့ပါတယ်။ ဒါ့ပြင် မြန်မာနိုင်ငံမှာ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ခံ အစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်ခဲ့တာအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ မြန်မာဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ ၁၉၅၄ ခုနှစ် ဗီယက်နမ်ခရီးစဉ်နဲ့ ဗီယက်နမ်ဥက္ကဋ္ဌ ဟိုချီမင်းရဲ့ ၁၉၅၈ ခုနှစ် မြန်မာနိုင်ငံခရီးစဉ်တွေဟာ နှစ်နိုင်ငံချစ်ကြည်ရေးရဲ့ အဓိကအခြေခံ အုတ်မြစ်တွေ ဖြစ်တယ်လို့ အလေးပေးဖော်ပြခဲ့ကြပါတယ်။ မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်ကနေ သမ္မတကြီးဟိုချီမင်းကို ဥပဒေဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခဲ့တာကစလို့ သံတမန်ဆက်ဆံရေး ရွှေရတုနှစ် ၅၀ ပြည့်တဲ့ထိ ခိုင်မာလာခဲ့တာကို ဂုဏ်ပြုပြောဆိုခဲ့ကြပါတယ်။

စာမျက်နှာ ၂၁ သို့



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (၅-၉-၂၀၂၆)

**နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ဗီယက်နမ်နိုင်ငံခရီးစဉ်ဟာ နှစ်နိုင်ငံကြား သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်မှုသမိုင်းမှာ အလွန်အရေးပါတဲ့ မှတ်တိုင်သစ်တစ်ခု ဖြစ်လာခဲ့ပါပြီ။ ရှေ့လာမယ့် ကာလတွေမှာလည်း နှစ်နိုင်ငံ ပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် အပြန်အလှန် အထောက်အကူပြုမယ့် လက်တွေ့ကျတဲ့ အောင်မြင်မှုအသစ်တွေကို ဆက်လက်ဖော်ဆောင်ပေးနိုင်လိမ့်မယ်လို့ အပြည့်အဝယုံကြည် . . .**

စာမျက်နှာ ၂၀ မှအဆက်

နိုင်ငံတော်သမ္မတကြီးကလည်း မိမိအနေနဲ့ ဗီယက်နမ်နိုင်ငံကို လေးကြိမ်မြောက် လာရောက်တာဖြစ်ပြီး သမ္မတအဖြစ် ရွေးချယ်ခံရပြီးနောက် ပထဆုံး ခရီးစဉ်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။ စက်တင်ဘာ ၂ ရက်မှာ ကျရောက်ခဲ့တဲ့ ဗီယက်နမ်နိုင်ငံရဲ့ ၈၁ နှစ်မြောက် အမျိုးသားနေ့အတွက်ပါ ဝမ်းမြောက်ကြောင်းစကားပါးခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ စစ်ပွဲဒဏ်နဲ့ ပိတ်ဆို့မှုတွေကိုကျော်ဖြတ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ခဲ့မှုအပေါ် အထူးလေးစားဂုဏ်ယူကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

နှစ်နိုင်ငံကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး (Comprehensive Cooperative Partnership) ကို ၂၀၁၇ ခုနှစ်မှာ ထူထောင်ခဲ့ပြီး လာမယ့် ၂၀၂၇ ခုနှစ်မှာ ၁၀ နှစ် ပြည့်မြောက်တော့မှာဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ဆယ်စုနှစ်အတွက် လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တွေကို ချမှတ်သွားဖို့ နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ ပညာရေးနဲ့ ယဉ်ကျေးမှုနယ်ပယ်တွေမှာ သာမက လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေကိုလည်း ပိုမိုတိုးမြှင့်သွားဖို့ ဆွေးနွေးခဲ့ကြပါတယ်။

**ဒေသတွင်း ဆက်သွယ်ချိတ်ဆက်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်း**

ဒေသတွင်း ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုအားကောင်းလာစေရေးအတွက် အာရှအဝေးပြေးလမ်းမကြီးကွန်ရက်နဲ့ အရှေ့-အနောက်စီးပွားရေးစင်္ကြံတွေကို ထိရောက်စွာအသုံးချဖို့ တိုက်တွန်းခဲ့ပါတယ်။ မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် လမ်းကြောင်းတွေနဲ့ အိန္ဒိယ- မြန်မာ- လာအို- ဗီယက်နမ် လမ်းပန်းဆက်သွယ်ရေးတွေကို အဆင့်မြှင့်တင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ ဒီလိုချိတ်ဆက်မှုတွေကြောင့် နှစ်နိုင်ငံပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားတဲ့ အကျိုးကျေးဇူးတွေဖြစ်ထွန်းလာစေမှာ ဖြစ်ပါတယ်။

နိုင်ငံတကာနဲ့ ဒေသတွင်းမျက်နှာစာတွေမှာလည်း မြန်မာနိုင်ငံအနေနဲ့ လွတ်လပ်ပြီး တက်ကြွတဲ့ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသွားမယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။ BIMSTEC၊ GMS၊ CLMV နဲ့ ACMECS စတဲ့ ဒေသတွင်းအဖွဲ့အစည်းတွေမှာ တန်းတူကိုယ်စားပြုပြီး အပြည့်အဝ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားဖို့လည်း သဘောတူခဲ့ကြပါတယ်။ ဗီယက်နမ်ဘက်ကလည်း မြန်မာနိုင်ငံနဲ့အတူ ဘက်စုံခိုင်မာတဲ့ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်ဆီကို တက်လှမ်းဖို့အသင့်ရှိကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။

နှစ်နိုင်ငံ ခေါင်းဆောင်တွေဟာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ကိစ္စရပ်တွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ လေကြောင်းဆက်သွယ်မှုတွေတိုးမြှင့်ရေး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုတွေကို ပူးပေါင်းတိုက်ဖျက်ရေးစတဲ့ ခေတ်ကာလနဲ့ လျော်ညီတဲ့ အရေးကြီးအချက်တွေကိုလည်း အမြင်ချင်းဖလှယ်ခဲ့ကြပါတယ်။ ဒီလို နက်နက်ရှိုင်းရှိုင်း ဆွေးနွေးမှုတွေဟာ နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်မှုကို ပိုမိုခိုင်မာစေမယ့် အလှည့်အပြောင်းတစ်ခု ဖြစ်လာပါတယ်။

**ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဟာ ဗီယက်နမ်နိုင်ငံကို ရောက်ရှိနေချိန်မှာပဲ ဟနွိုင်းမြို့ရှိ အစိုးရအဖွဲ့ရုံး Grand Hall မှာ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဲ့ဒီလိုတွေ့ဆုံကြရာမှာ နှစ်နိုင်ငံကြား နိုင်ငံရေးယုံကြည်မှုနဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတွေကို အဆင့်သစ်တစ်ခုဆီ တိုးမြှင့်သွားဖို့ နှစ်ဖက်ခေါင်းဆောင်တွေက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါတယ်။ ဗီယက်နမ် ဝန်ကြီးချုပ်ဘက်ကလည်း မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းချက်တွေကို ထောက်ခံအားပေးကြောင်း ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း မြန်မာနိုင်ငံရဲ့ စိုက်ပျိုးမွေးမြူရေး၊ ကာကွယ်ရေး၊ ပညာရေးနဲ့ ကျန်းမာရေးစတဲ့ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လိုကြောင်း ပြန်လည်ဆွေးနွေးခဲ့ပါတယ်။ ဒါ့ပြင် ဗီယက်နမ်နိုင်ငံရဲ့ "ဒွိုင်မွိုင်း" စီးပွားရေးပြုပြင်ပြောင်းလဲမှု အတွေ့အကြုံတွေကိုလည်း မြန်မာနိုင်ငံအတွက် မျှဝေပေးစေလိုကြောင်း ဖော်ပြခဲ့ပါတယ်။

**လွှတ်တော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခြင်း**

ဆက်လက်ပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းကို ဗီယက်နမ်အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမမှာ ထပ်မံတွေ့ဆုံခဲ့ပါတယ်။ အဆိုပါတွေ့ဆုံပွဲမှာ လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီး အစိုးရသစ် ဖွဲ့စည်းနိုင်ခဲ့ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်း နှစ်နိုင်ငံ လွှတ်တော်များကြား ချစ်ကြည်ရင်းနှီးမှုနဲ့ အပြန်အလှန် နားလည်ယုံကြည်မှုတွေကို ပိုမိုတိုးမြှင့်ဆောင်ရွက်လိုကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် နိုင်ငံတော်နဲ့ကိုက်ညီတဲ့ ဒေသအခြေခံ ဖက်ဒရယ်စနစ်ကို ဖော်ဆောင်နေတဲ့အပေါ် ဗီယက်နမ်လွှတ်တော်ဘက်က တတ်နိုင်သမျှ ပံ့ပိုးကူညီပေးစေလိုကြောင်းလည်း ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။

**ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်း**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နဲ့ ဇနီး ဒေါ်ကြူကြူလှတို့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့က ဗီယက်နမ်နိုင်ငံသမ္မတရုံး တုံကင်နန်းတော်မှာ ဂုဏ်ပြုညစာစားပွဲနဲ့ တည်ခင်းဧည့်ခံခဲ့ပါတယ်။ အဆိုပါ ညစာစားပွဲအခမ်းအနားကို နှစ်နိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ သံတမန်များနဲ့ တာဝန်ရှိသူများအားလုံး စုံလင်စွာတက်ရောက်ခဲ့ကြပါတယ်။ ညစာစားပွဲမစတင်မီမှာ သမ္မတကြီးနဲ့ ဇနီးတို့ကို ဗီယက်နမ်သမ္မတနဲ့ ဇနီးတို့က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြပါတယ်။ နှစ်နိုင်ငံအကြီးအကဲများကလည်း နှုတ်ခွန်းဆက်စကားများ အပြန်အလှန်ပြောကြားခဲ့ကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေတဲ့ အထိမ်းအမှတ်တစ်ခုလည်းဖြစ်လာခဲ့ပါတယ်။

ဂုဏ်ပြုညစာစားပွဲ တည်ခင်းဧည့်ခံနေစဉ်အတွင်းမှာ ဗီယက်နမ်နိုင်ငံရဲ့ ယဉ်ကျေးမှုအဖွဲ့များက နှစ်နိုင်ငံတေးသီချင်းများ၊ အကအလှများဖြင့် အထူးဂုဏ်ပြုဖျော်ဖြေ တင်ဆက်ပေးခဲ့ကြပါတယ်။ ညစာစားပွဲပြီးဆုံးချိန်မှာလည်း ဗီယက်နမ်သမ္မတနဲ့ ဇနီးတို့က နိုင်ငံတော်သမ္မတနဲ့ ဇနီးတို့ကို ရင်းနှီးနွေးထွေးစွာ လိုက်လံပို့ဆောင် နှုတ်ဆက်ခဲ့ကြပါတယ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်း၏ဇနီး မဒမ် ငိုဖုန်လီတို့ VanPhuc ပိုးထည်ရွာ (Silk Village)အတွင်း ကြည့်ရှုလေ့လာစဉ်။ (၅-၉-၂၀၂၆)

မြန်မာနဲ့ ဗီယက်နမ်တို့ဟာ သံတမန်ရေးရာ နောက်ခံသမိုင်းကို ပြန်ကြည့်မယ်ဆိုရင်လည်း ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းတွေမှာ အလားတူ ခက်ခဲကြမ်းတမ်းမှုတွေကို ဖြတ်သန်းလာခဲ့ကြတာတွေ့ရပါတယ်။ အရှေ့တောင်အာရှကုန်းတွင်းပိုင်း အိမ်နီးချင်းကောင်းတွေပီပီ နှစ်ပေါင်းများစွာကြာအောင် အပြန်အလှန်နားလည်မှု၊ လေးစားမှုတွေနဲ့အတူ ရိုးရာ ယဉ်ကျေးမှု ဆက်နွယ်မှုတွေလည်း ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့ကြပါတယ်။ အခုလို နှစ်နိုင်ငံ ခေါင်းဆောင်တွေရဲ့ အပြန်အလှန်ခရီးစဉ်တွေက သံတမန်ဆက်ဆံရေးကို ရွှေရတုကျော်လွန်ပြီး လာလတ္တံ့သော ရတုပေါင်းများစွာတိုင်သည်ထိ ဆက်လက်ချီတက်နိုင်အောင် တွန်းအားပေးနေပါတယ်။

အခုလို နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ဗီယက်နမ်နိုင်ငံခရီးစဉ်ဟာ နှစ်နိုင်ငံကြား သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်မှုသမိုင်းမှာ အလွန်အရေးပါတဲ့ မှတ်တိုင်သစ်တစ်ခု ဖြစ်လာခဲ့ပါပြီ။ ရှေ့လာမယ့် ကာလတွေမှာလည်း နှစ်နိုင်ငံပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် အပြန်အလှန် အထောက်အကူပြုမယ့် လက်တွေ့ကျတဲ့ အောင်မြင်မှုအသစ်တွေကို ဆက်လက်ဖော်ဆောင်ပေးနိုင်လိမ့်မယ်လို့ အပြည့်အဝ ယုံကြည်ပါကြောင်း ထပ်လောင်းဖော်ပြလိုက်ရပါတယ်။

**ရဲခေါင်**

# အဓိကရလဒ်ကတော့ နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်မှု အဲ့ဒါကိုပိုပြီး ခိုင်မာစေခဲ့ပါတယ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာတိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ နိုင်ငံတော်သမ္မတကြီး ရဲ့ ဗီယက်နမ် ခရီးစဉ်ကို ဘယ်လိုသုံးသပ်ပါသလဲ။**

ဖြေ။ ။ နိုင်ငံတော်သမ္မတကြီး ရဲ့ ဗီယက်နမ်နိုင်ငံ ခရီးစဉ်က အာဆီယံနိုင်ငံထဲမှာဆိုရင် ဒါကတတိယမြောက်နိုင်ငံကို သွားရောက်ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးက နိုင်ငံခြားခရီးစဉ်တွေကို သွားတဲ့အခါမှာလည်း ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ သဘောသဘာဝတူညီတဲ့ နိုင်ငံတွေကို ဦးစားပေးရွေးချယ်ပြီးတော့ သွားခဲ့တာဖြစ်ပါတယ်။ ဗီယက်နမ်ကတော့ တတိယမြောက်နိုင်ငံပါ။ ဒီခရီးစဉ်မှာ ဗီယက်နမ်နိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နဲ့ တွေ့ဆုံခဲ့ပါတယ်။ စီးပွားရေးဖိုရမ်တွေလည်း ပြုလုပ်ခဲ့ပါတယ်။ တကယ်တော့ ဗီယက်နမ်နိုင်ငံက ကျွန်မတို့နိုင်ငံနဲ့ အခုမှ ရင်းနှီးမှုတည်ဆောက်တဲ့ သံတမန်ဆက်ဆံရေးရှိတဲ့နိုင်ငံ မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာသော သံတမန်ဆက်ဆံရေးဆိုရင် ရွှေရတုတိုင်ခဲ့ပါပြီ။ အဲဒီမတိုင်ခင်ကလည်း ၁၉၅၄ ခုနှစ်မှာ အရင်ဝန်ကြီးချုပ်ဟောင်း ဦးနု ဗီယက်နမ်နိုင်ငံကို အလည်အပတ်သွားရောက်ခဲ့ပါတယ်။ ၁၉၅၈ခုနှစ်မှာလည်း ဗီယက်နမ်နိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်ကြီး မစ္စတာ ဟိုချီမင်း ကျွန်မတို့နိုင်ငံကို အလည်အပတ် လာရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာပဲ ရန်ကုန်တက္ကသိုလ် ဥပဒေဌာနက နေပြီးတော့မှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို မစ္စတာ ဟိုချီမင်းကို ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ ဒါကဘာကိုပြောတာလဲဆိုတော့ နှစ်နိုင်ငံရဲ့ ဆက်ဆံရေးသည် နှစ်ပေါင်းများစွာ တည်ရှိခဲ့တယ်၊ ရင်းနှီးချစ်ကြည်တဲ့ ဆက်ဆံရေးလို့ ပြောလို့ရပါတယ်။ အခုခရီးစဉ်ကလည်း ရှိရင်းစွဲ ရှိပြီးသား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်မှုတွေကို ပိုပြီးတော့ တိုးမြှင့်နိုင်ခဲ့ပါတယ်။ စီးပွားရေးအခွင့်အလမ်းတွေကို ပိုပြီးတော့ ပွင့်လန်းအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ ၂၀၁၇ တုန်းက MoU ထိုးခဲ့တဲ့ Comprehensive Cooperation Partnership ဟာ လာမယ့်နှစ်ဆိုရင် ၁၀ နှစ်ပြည့်မြောက်ပါပြီ။ အဲဒီအထိမ်းအမှတ်ကိုလည်း ထူးထူးခြားခြားလေး ဆောင်ရွက်သွားဖို့အတွက် နှစ်နိုင်ငံခေါင်းဆောင်တွေ သဘောတူညီခဲ့ပါတယ်။ ဒ့ါပြင် ဒီ ၁၀ နှစ်ပြည့်ပြီး နောက်ပိုင်းမှာလည်း ထူးခြားတဲ့ အစီအစဉ်တွေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ်။ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့လည်း မြန်မာနိုင်ငံကို ဗီယက်နမ်သမ္မတကြီး လာရောက်လည်ပတ်ဖို့အတွက် ဖိတ်ကြားခဲ့ပါတယ်။ ဒီခရီးစဉ်က သံတမန်ရေးအရရော၊ စီးပွားရေးအရရော၊ ပြည်သူအချင်းချင်း ရင်းနှီးဆက်ဆံမှု ဒါတွေကို မြှင့်တင်ဖို့အတွက်ရော ကျွန်မတို့ အများကြီးဆွေးနွေးနိုင်ခဲ့တဲ့ အကျိုးရှိတဲ့ ခရီးစဉ်တစ်ခုလို့ သုံးသပ်နိုင်ပါတယ်။

**မေး။ ။ နိုင်ငံတော် သမ္မတကြီးရဲ့ ဗီယက်နမ်ခရီးစဉ်မှာ နိုင်ငံအတွက် စီးပွားရေး၊ ကုန်သွယ်ရေးအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ဆောင်ကြဉ်းပေးနိုင်ခဲ့ပါသလဲ။**

ဖြေ။ ။ ဒီနေ့မနက်ပဲ စီးပွားရေးဖိုရမ် လုပ်ခဲ့ပါတယ်။ စီးပွားရေးဖိုရမ်မှာဆိုရင် မြန်မာနိုင်ငံဘက်က စီးပွားရေးလုပ်ငန်းရှင်နဲ့ ဗီယက်နမ်နိုင်ငံဘက်က စီးပွားရေးလုပ်ငန်းရှင် ၆၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ ဒီဖိုရမ်မှာပဲ နိုင်ငံတော်သမ္မတကြီးက မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ပြောတဲ့အခါမှာလည်း မြန်မာနိုင်ငံဘက်ကို လာရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံမယ့်၊ ကုန်သွယ်မှုတိုးမြှင့်မယ့်ကိစ္စတွေမှာ ကျွန်မတို့ဘက်က ဘာတွေလုပ်ပေးနိုင်မလဲ။ နောက်တစ်ခါ နိုင်ငံကနေပြီးတော့မှ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ပြန်လည်ထွက်ခွာသွားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ သူတို့ကရော ဘာကြောင့်ပြန်ပြီး ထွက်ခွာသွားတာလဲ၊ သူတို့မှာ ဘာအခက်အခဲတွေရှိလဲ၊ ဘာအကန့်အသတ်တွေရှိလဲ၊ ကျွန်မတို့ ဘာတွေပြန်ပြီးတော့ ဖြေလျှော့ပေးရမလဲ၊ ဒါတွေအကုန်လုံးကိုလည်း နိုင်ငံတော်သမ္မတကြီးက ပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးခဲ့ပါတယ်။ ကျွန်မတို့ဘက်က ဘာတွေဆောင်ရွက်ပေးရမလဲ။ အဲဒီတော့ ဒီနေရာမှာ သတင်းကောင်း ကြားခဲ့ရတာက ကျွန်မတို့နိုင်ငံကနေပြီးတော့ ထွက်ခွာသွားတဲ့အရင်စီးပွားရေးလုပ်ငန်းရှင်တွေ၊ သူတို့ကလည်း ပြန်လာဖို့အတွက်ကိုစိတ်ဝင်စားကြောင်း၊ မေးမြန်းနေကြကြောင်း သတင်းကောင်းတွေ ကြားခဲ့ရပါတယ်။ နောက်ထပ် ထပ်ပြီးတော့မှလာချင်တဲ့၊ ရင်းနှီးမြှုပ်နှံချင်တဲ့ အဖွဲ့တွေလည်းရှိတယ်လို့ သိရပါတယ်။ ဒီနေ့ဆိုရင် B to B MoU ခုနစ်ခု ထိုးနိုင်ခဲ့ပါတယ်။ နောက်တစ်ခါ စီးပွားရေးဖိုရမ်မှာပဲ ဗီယက်နမ်နိုင်ငံရဲ့ ဒုတိယဝန်ကြီးချုပ်က ဘယ်လိုကဏ္ဍတွေမှာ၊ ဥပမာ- စိုက်ပျိုးမွေးမြူရေး၊ Digital Transformation၊ နောက်တစ်ခါ ဓာတ်သတ္တုတူးဖော်ရေး၊ စွမ်းအင်ကဏ္ဍ စသည်ဖြင့် ပူးပေါင်းဆောင်ရွက်မယ့် ကဏ္ဍတွေကို အတိအလင်း ချပြသွားပါတယ်။ ဒါဟာ ဆုံးဖြတ်ပြီးသားဖြစ်တဲ့ အနေအထားတွေကို တွေ့ရပါတယ်။ ဒါဟာ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဝမ်းမြောက်ဖွယ် သတင်းကောင်းပဲဖြစ်ပါတယ်။

**မေး။ ။ ဒီခရီးစဉ်က မြန်မာနိုင်ငံနဲ့ အာဆီယံ ဆက်ဆံရေး အတွက် ဘယ်လိုအကျိုးသက်ရောက်မှု ရှိမလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ အာဆီယံအဖွဲ့ဝင်နိုင်ငံ အခု နောက်ဆုံးတီမောလက်စ်တေ နိုင်ငံပါဆိုရင် ၁၁ နိုင်ငံ၊ ကျွန်မတို့နိုင်ငံ မပါဘူးဆိုရင် ၁၀ နိုင်ငံပါ။ ၁၀ နိုင်ငံမှာ အခု လာအိုရယ်၊ ထိုင်းရယ်၊ အခု ဗီယက်နမ်ရယ် ၃ နိုင်ငံ သွားရောက်ပြီးပါပြီ။ နောက်မကြာခင်မှာပဲ ကမ္ဘောဒီးယားနိုင်ငံကို သွားမှာဖြစ်ပါတယ်။ ရှေ့ဆက်ပြီးလည်း တခြားအာဆီယံ Member နိုင်ငံတွေကို သွားဖို့အတွက် အစီအစဉ်ရှိပါတယ်။ အဲဒီတော့ ကျွန်မတို့သည် အာဆီယံအဖွဲ့အတွင်းမှာ ဒါက ထိတွေ့ဆက်ဆံမှုတွေ တဖြည်းဖြည်း တိုးမြှင့်လာတာဖြစ်ပါတယ်။ အဲဒီတော့ ဒီခရီးစဉ်က ကျွန်မတို့ မြန်မာနဲ့ဗီယက်နမ် နှစ်နိုင်ငံ ထိတွေ့ဆက်ဆံမှုတိုးမြှင့်တာ၊ ဒါတင်မကဘဲနဲ့ ဒါကအာဆီယံ Member နိုင်ငံတွေနဲ့လည်း ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်တာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဗီယက်နမ်နိုင်ငံနဲ့ ကျွန်မတို့နိုင်ငံဆိုရင် ပွင့်ပွင့်လင်းလင်းနဲ့ ဆက်ဆံတဲ့ ပွဲတစ်ခုလို့လည်း ပြောလို့ရပါတယ်။ အဲဒီတော့ အာဆီယံ Member Countries တွေထဲမှာ ထိတွေ့ဆက်ဆံမှုကို တစ်ဆင့်မြှင့်တင်လိုက်ခြင်းလို့ ကျွန်မတို့ ပြောလို့ရပါတယ်။

**မေး။ ။ ဗီယက်နမ်နိုင်ငံရဲ့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ အပေါ်မှာ မြန်မာနိုင်ငံအနေနဲ့ရောဘာတွေအတုယူစရာ ရှိမလဲဆိုတာပြောပြပေးပါ။**

ဖြေ။ ။ အရင်တုန်းကတော့ဗီယက်နမ်ဆိုတာ ကျွန်မတို့လိုပဲ CLMV လေးနိုင်ငံထဲမှာ ပါပါတယ်။ သိပ်ပြီးမကွာခြားခဲ့ပါဘူး။ သို့သော်လည်း အခု သွားကြည့်လိုက်တဲ့ အချိန်မှာတော့ ဗီယက်နမ်နိုင်ငံက အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်နေတာကို တွေ့ရပါတယ်။ တကယ်တော့ ဗီယက်နမ်နိုင်ငံသည် ကျွန်မတို့နိုင်ငံလိုပဲ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံပါ၊ လူဦးရေများပါတယ်။ ကျွန်မတို့ထက် လူဦးရေများပါတယ်။ သို့သော်လည်း ဧရိယာအကျယ်အဝန်းက ကျဉ်းပါတယ်။ အဲဒီတော့ရှိတဲ့မြေမှာပဲ စိုက်ပျိုးမွေးမြူရေးကို ခေတ်မီနည်းပညာ၊ နောက်ပြီး အားသာချက်တစ်ခုကတော့ သုတေသန၊ ဒါတွေနဲ့ သူတို့ ဆောင်ရွက်သွားတယ်။ ဖွံ့ဖြိုးတိုးတက်အောင်၊ စက်မှုနိုင်ငံဖြစ်အောင် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းသွားတာကို တွေ့ရပါတယ်။ အဲဒီတော့ ဗီယက်နမ်နိုင်ငံကို လေ့လာကြည့်တဲ့အချိန်မှာ နံပါတ်တစ်အချက်က မြေလွတ်မြေရိုင်းမရှိဘူး၊ ရှိတဲ့မြေပေါ်မှာ အကုန်လုံးစိုက်ပျိုးမွေးမြူရေးကို အပြည့်အဝလုပ်ထားတယ်။ နောက်တစ်ခုကတော့ ဗီယက်နမ်ရဲ့ အားသာချက်သည် လူတိုင်းအလုပ်လုပ်ပါတယ်။ ကျွန်မတို့ Labour force participation rate အလွန်မြင့်ပါတယ်။ နောက်တစ်ခုကတော့ သူတို့လည်း ကျွန်မတို့လိုပဲ အတားအဆီးတွေ၊ အကန့်အသတ်တွေနဲ့



ကြုံခဲ့ရတဲ့နိုင်ငံ၊ Sanction တွေ ထိခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ သို့သော်လည်း တစ်ခါတည်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်လို့ ဆောင်ရွက်ခဲ့ကြတယ်။ အခြေအနေတွေ၊ အခက်အခဲတွေကို Blame မလုပ်ဘဲနဲ့ တစ်ဦးချင်းစီက နေပြီးတော့ အားသွန်ခွန်စိုက် ကြိုးစားခဲ့တဲ့အတွက် ဒီဆယ်စုနှစ် တစ်စု၊ နှစ်စုစာ ကာလအတွင်းမှာပဲ ဗီယက်နမ်နိုင်ငံက အရှိန်အဟုန်နဲ့ တိုးတက်လာတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံနဲ့ ခုနက ဗီယက်နမ်တို့ ယှဉ်မယ်ဆိုရင် မြေနေရာတွေ အကျယ်ကြီးရှိပါတယ်၊ ကောင်းမွန်တဲ့ ရာသီဥတုတွေရှိပါတယ်၊ ၁၂ လ ရာသီဥတုပတ်လုံး စိုက်ပျိုးနိုင်တဲ့ မြေတွေ၊ ရာသီဥတု အနေအထားတွေ ရှိပါတယ်။ ဒီလိုအနေအထားတွေနဲ့ ဗီယက်နမ်နိုင်ငံက အခုတိုးတက်လာတဲ့ နည်းပညာတွေ၊ သူတို့ရဲ့ သုတေသနလုပ်ငန်းတွေ ဒါတွေကို ပေါင်းစပ်ပြီးတော့ ဆောင်ရွက်နိုင်မယ်ဆိုရင် နှစ်နိုင်ငံလုံးအတွက် Win-Win situation ရနိုင်ပါတယ်။

**မေး။ ။ ဒေသတွင်း ပထဝီစီးပွားရေး အရ မြန်မာ-ဗီယက်နမ် ပူးပေါင်း ဆောင်ရွက်မှုက ဘယ်လို မဟာဗျူဟာအရေးပါမှုတွေ ရှိမလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ဗီယက်နမ်နိုင်ငံက ဒီအရှေ့အာရှ၊ အာရှအရှေ့ခြမ်း၊ နောက်တစ်ခါ ပစိဖိတ်သမုဒ္ဒရာဘက် သူတို့နဲ့အဆက်အသွယ်ရှိသလို ကျွန်မတို့နိုင်ငံသည်လည်း အနောက်အာရှပေါ့၊ အာရှရဲ့ အနောက်ဘက်ခြမ်း၊ တောင်အာရှ၊ နောက်တစ်ခါ ဒီဘက်အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်နှစ်ခုရှိနေပါတယ်။ အဲဒီတော့ ဒီနှစ်နိုင်ငံကို ချိတ်ဆက်မယ်၊ နဂိုကလည်း လမ်းကြောင်းတွေ ရှိပြီးသားပါ၊ ဗီယက်နမ်ကနေ လာအိုရှိမယ်၊ လာအိုကနေ ထိုင်းရှိမယ်၊ အဲဒီကတစ်ဆင့် ကျွန်မတို့နိုင်ငံ ရှိပြီးသားလမ်းကြောင်းတွေရှိပါတယ်၊ ထပ်ပြီးတော့ ဆက်သွယ်ရမယ့် လမ်းကြောင်းတွေလည်း ရှိပါတယ်။ တကယ်လို့သာ ဒါကိုချိတ်ဆက်နိုင်မယ်ဆိုရင် အာရှအရှေ့ခြမ်းနဲ့ အနောက်ခြမ်း ဆက်သွယ်ပေးနိုင်တဲ့ Transit trade လုပ်နိုင်မယ့် အနေအထားမျိုးရှိပါတယ်။ ဒါကို နိုင်ငံတော်သမ္မတကြီးကလည်း ဒီအနေအထားကို ဗီယက်နမ်သမ္မတကြီးကို မြေပုံနဲ့တကွ အသေအချာ ရှင်းလင်းပြီးတော့ ဆွေးနွေးခဲ့ပါတယ်၊ ချပြခဲ့ပါတယ်။ ဗီယက်နမ်သမ္မတကြီးကလည်း ဒါကို အလွန်စိတ်ဝင်စားပြီးတော့မှ Study တွေ လုပ်ရမယ်၊ ဒါကို Research တွေ လုပ်ရမယ်၊ ဒီလိုဆက်သွယ်ရေး လမ်းကြောင်းတွေ ပေါ်လာမယ်ဆိုရင် နှစ်နိုင်ငံအတွက် ဘယ်လို အကျိုးရှိနိုင်မလဲဆိုတာကို လေ့လာဖို့အတွက်ကို အကြမ်းဖျင်း သဘောတူညီခဲ့ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံဆက်ဆံရေး၊ ဒီလိုလမ်းကြောင်းတွေ ဖောက်ထားခြင်းသည် နှစ်နိုင်ငံအတွက်သာမဟုတ်ပါဘူး၊ ကျွန်မတို့ ဒေသတွင်းနိုင်ငံ၊ ဒီနှစ်နိုင်ငံအကြားမှာရှိတဲ့ နိုင်ငံတွေ၊ မဲခေါင်ဒေသ၊ အနောက်ခြမ်းနဲ့ အရှေ့ခြမ်းဒါတွေအားလုံးသည် Regional ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတယ်လို့ ပြောချင်ပါတယ်။

**မေး။ ။ ဗီယက်နမ်ခရီးစဉ်ရဲ့ အဓိကရလဒ်အနေနဲ့က ဘာဖြစ်မလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ဗီယက်နမ်ခရီးစဉ် အဓိကရလဒ်ကတော့ သုံးချက်ပါပဲ။ နံပါတ်တစ်ကတော့ ရှိရင်းစွဲရှိပြီးသား ချစ်ခင်ရင်းနှီးမှု၊ ယုံကြည်မှု အဲ့ဒါကို ပိုပြီးတော့ခိုင်မာအောင် လုပ်နိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းပါ။ နှစ်ဖက်သေသေချာချာ ဆွေးနွေးခဲ့တယ်၊ ရရှိနိုင်မယ့် အနေအထားတွေ၊ ပူးပေါင်းဆောင်ရွက်ရင် ရရှိနိုင်မယ့် အကျိုးအမြတ်တွေ၊ ဒါ Win-Win situation ၊ နောက်တစ်ခုကတော့ ဒေသတွင်း၊ နောက်တစ်ခါ ကမ္ဘာ့မျက်နှာစာမှာ အပြန်အလှန်ထောက်ပံ့မယ်၊ ကူညီမယ်၊ အားပေးမယ်။ အဲဒီတော့ ဗီယက်နမ်ဘက်ကလည်း ကျွန်မတို့ဘက်ကို အာဆီယံမျက်နှာစာမှာရော ကမ္ဘာ့မျက်နှာစာမှာပါ အပြည့်အဝ ကျွန်မတို့ရဲ့ ရပ်တည်ချက်ကို ထောက်ခံပါတယ်ဆိုပြီး ပြောခဲ့တယ်။ ကျွန်မတို့ဘက်ကလည်း ဗီယက်နမ်ကို အပြည့်အဝထောက်ခံသွားမယ်။ အဲဒီတော့ နိုင်ငံရေးအရ၊ သံတမန်ရေးအရ၊ စီးပွားရေးအရ အောင်မြင်တဲ့ ခရီးစဉ်လို့ ပြောနိုင်ပါတယ်။

**မေး။ ။ နိုင်ငံတော် သမ္မတကြီးရဲ့ ဗီယက်နမ်ခရီးစဉ် တစ်ခုလုံးကို ခြုံပြီးပြောရရင် အဓိကရလဒ်က ဘယ်လိုပြောလို့ရနိုင်ပါသလဲ။**

ဖြေ။ ။ အဓိကရလဒ်ကတော့ နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်မှု အဲ့ဒါကို ပိုပြီး ခိုင်မာစေခဲ့ပါတယ်။ နောက်တစ်ခုကတော့ စီးပွားရေးအရ အခွင့်အလမ်းတွေ ဖော်ဆောင်နိုင်ခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ နှစ်နှစ်တာ သံတမန်ရေးအရ အချိန်ဇယားပါ၊ သံတမန်အချိန်ဇယား ပေါ်ထွက်လာခဲ့ပါတယ်။ ရှေ့ဆက်ပြီးတော့ ဘာတွေဆောင်ရွက်မယ်။ ဒါတွေရဲ့ ရလဒ်တွေအားလုံးသည် ကျွန်မတို့ပြည်သူပြည်သားတွေအတွက် အကျိုးကို လက်တွေ့ဖော်ဆောင်ဖို့ ဘာတွေဆောင်ရွက်မယ်ဆိုတဲ့ လမ်းကြောင်းရရှိခဲ့ပါတယ်။

**သတင်းအဖွဲ့**

# မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၉၆၂ ပါးတို့အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၆ ခုနှစ် မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၉၆၂ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမ ကျောင်းတိုက် ရတနာပုံကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ အမှူးပြုသော သံဃာတော် ၄၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမ ကျောင်းတိုက် ရတနာပုံကျောင်းဆရာတော်ထံမှ ညှိ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လှူဒါန်းရခြင်း အကြောင်းရင်းနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမ ကျောင်းတိုက် ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒထံ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်္ကန်း၊ နဝကမ္မဝတ္ထုငွေများ၊ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရအမှူးပြုသော ဆရာတော်၊ သံဃာတော်များထံ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက သင်္ကန်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းပြီး သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်သည်။



ယနေ့လှူဒါန်းမှု၌ မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ဖြစ်သော အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရတို့တွင် ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ ၄၃၇၄ ပါး၊ သီလရှင် ဆရာကြီး၊ ဆရာလေး ၅၈၇၄ ပါး စုစုပေါင်း၄၉၆၂ ပါးတို့အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆွမ်းဆန်တော် ၄၁၃၅ အိတ်၊ ဆီ ၁၂၄၀၆ ပိဿာ၊ ကြက်သွန်နီ ၁၂၄၀၆ ပိဿာ၊ ကုလားပဲ ၁၂၄၀၆ ပိဿာ၊ ဆား ပိဿာ ၅၀၀၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၃၂၇၃၀၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ် ၂၄ ဦးရှိ



**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ် ၂၄ ဦးရှိကြောင်း ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု မီးလောင်ကုန်းကျေးရွာရှိ အသက် ၁၀၉ နှစ် ပြည့်ပြီးဖြစ်သော အဘွားဒေါ်သန်းမြင့်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့ နံနက်ပိုင်းတွင် သွားရောက်တွေ့ဆုံပြီး စားသောက်ဖွယ်ရာများနှင့် ဂါရဝပြုငွေများ သွားရောက်ပေးအပ်သည်။

ထို့အတူ လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာအုပ်စု သာယာစုကျေးရွာရှိ အသက် ၁၀၂ နှစ်ပြည့်ပြီးဖြစ်သော အဘွားဒေါ်ငယ်အား သွားရောက်တွေ့ဆုံပြီး စားသောက်ဖွယ်ရာများနှင့် ဂါရဝပြုငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# မိုင်းခတ်မြို့နယ်ရှိ သံဃာတော်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၆**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် မိုင်းနွန်းနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကို အဆိုပါကျေးရွာရှိ မိုင်းနွန်းဆုတောင်းပြည့် နီးဘုရားကြီး၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ခုနစ်ပါးနှင့် ဒေသခံပြည်သူ ဦးရေ ၁၉၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများ ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။



နိုင်ငံ့သားကောင်းရတနာများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

ဦးစွာ တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများ လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသူများကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်



**မကွေး စက်တင်ဘာ ၆**

ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၁/၂၀၂၄) နှင့် (၂/၂၀၂၄)တို့မှ နေရပ်သို့ ထပ်မံ ရောက်ရှိလာသူများနှင့် အမှတ်စဉ် (၃/၂၀၂၄) နှင့် (၄/၂၀၂၄)တို့တွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ကျေပွန်စွာထမ်းဆောင်ပြီး နေရပ်သို့ ပြန်လည်ရောက်ရှိလာသော ပြည်သူ့စစ်မှုထမ်းများကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက ဂုဏ်ပြုအမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီးမှ တာဝန်ထမ်းဆောင်ခဲ့ကြသူ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၁)နှင့် (၂)တို့မှ ထပ်မံရောက်ရှိလာသူ ၃၉ ဦးနှင့် အမှတ်စဉ်(၃)နှင့် (၄)တို့မှ ပြန်လည်ရောက်ရှိလာသူ ၁၇၉ ဦး စုစုပေါင်း ၂၁၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြကြောင်း သတင်းရရှိသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**




# လှိုင်မြို့နယ်အတွင်း ဓာတ်အားလေလွင့်ဆုံးရှုံးမှု လျှော့ချနိုင်ရေးဆောင်ရွက်



**ရန်ကုန် စက်တင်ဘာ ၆**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားလေလွင့်ပျောက်ဆုံးမှု လျှော့ချရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌသည် လှိုင်မြို့နယ်အတွင်း ဩဂုတ်လအတွက် မီတာဖတ်ရှုထားမှု၊ လျှပ်စစ်ဓာတ်အားလေလွင့်ပျောက်ဆုံးမှု လျှော့ချရေး ဆောင်ရွက်ထားမှုနှင့် ဓာတ်အားဖြန့်ဖြူးထားမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် ၆၆/၃၃/၁၁-၆.၆ ကေဗွီ RIR ဓာတ်အားခွဲရုံတွင် ဖီဒါအလိုက် ဓာတ်အားဖြန့်ဖြူးထားမှု၊ ဓာတ်အားပျောက်ဆုံးမှုအခြေအနေ၊ မီတာဖတ်မှတ်တမ်းကတ်ရေးသွင်းထားမှု၊ ဓာတ်အားခွဲရုံ ကြံ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပျောက်ဆုံးမှုများပြားသည့် ဖီဒါပေါ်ရှိ ခေတ်ဟောင်း (Analog) မီတာများကို Smart Digital မီတာများဖြင့် အစားထိုးလဲလှယ်ရန်၊ တရားမဝင်ဓာတ်အား ရယူသုံးစွဲမှုများ မရှိစေရေး၊ ဓာတ်အားခကြွေးကျန် ကျဆင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့အမျိုးသားပြတိုက်သို့ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသွားရောက်လေ့လာ

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၀၀ နှင့် ဆရာ၊ ဆရာမများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့အမျိုးသား ပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့ သွားရောက်လေ့လာစဉ် အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို အမျိုးသားပြတိုက်၏ သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



## ထူးခြားသည့် နေ့အပူချိန်များ ( ၆ - ၉ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | မကွေး | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | မိုးညှင်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။**

# ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၈)အစုန် DEMU ရထားတွဲဆိုင်းကို ခဲဖြင့်ပေါက်သူ ဖမ်းဆီးရမိ





အမှတ်(၈)အစုန် DEMU ရထားကို ခဲဖြင့်ပစ်ပေါက်ခဲ့သည့် ဖမ်းဆီးရမိတရားခံနှင့် ဖြစ်စဉ်မှတ်တမ်းဓာတ်ပုံ။




အမှတ်(၈)အစုန် DEMU ရထားကို ခဲဖြင့်ပစ်ပေါက်မှုကြောင့် အထက်တန်းတွဲ၏ ပြတင်းတံခါး ဘေးလေကာမှန် နှစ်လက်မခန့် ပေါက်ထွက်ကြေမွအက်ကွဲမှု ဖြစ်ပွားမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီ လေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယမန်နေ့ ညနေ ၅ နာရီ ၄၁ မိနစ်တွင် အမှတ်(၈)အစုန် နေပြည်တော်-ရန်ကုန် DEMU လူစီးအမြန်ရထားသည် ခရီးဆုံးဘူတာဖြစ်သည့် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိပြီး ညနေ ၅ နာရီ ၅၅ မိနစ်တွင် ရထားတွဲဆိုင်းကို သိမ်းယူရန် မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ (အင်းစိန်)သို့ထွက်ခွာစဉ် ကြည့်မြင်တိုင်ဘူတာအဝင် မိုင်တိုင် ၃/၁၀ နှင့် မိုင်တိုင် ၃/၁၁ ကြား ညနေ ၆ နာရီ ၁၀ မိနစ်တွင် ရထားဖြတ်သန်းစဉ် ဘုန်းကြီးကျောင်းလမ်းကူးမှ အမည်မသိလူတစ်ဦးက ရထားကို ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်း၏ အထက်တန်းတွဲ DEMU (U) 5020 ၏ ခုံအမှတ် 3A နှင့် 3B ကြား ပြတင်းတံခါးဘေးလေကာမှန် နှစ်လက်မခန့် ပေါက်ထွက်ကြေမွကွဲအက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဦးစွာ အခင်းဖြစ်ပွားရာသို့ စစ်ဆေးခဲ့ပြီး တရားခံကို ဖမ်းဆီးရမိရေးအတွက် CCTV မှတ်တမ်းအရ လှည့်ကင်း၊ ဝပ်ကင်းများဖြင့် ဝိုင်းပတ်ပိတ်ဆို့ပြီး ရထားသံလမ်းတစ်လျှောက်ရှာဖွေခဲ့ရာ ယနေ့ နံနက် ၃ နာရီတွင် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်းရှိ အလုံမြို့နယ် အလုံဘူတာနှင့် ရှမ်းလမ်းဘူတာကြား ရထားလမ်းဘေး မြောင်းအဖုံးပေါ်တွင် အိပ်နေသူ တင်ထွန်း ခေါ် ဂနေးစား အသက် ၄၁ နှစ်(ဘ)ဦးမန်းနီး ဆင်မင်းလမ်း ဆင်မင်းရပ်ကွက် အလုံမြို့နယ်နေသူကို CCTV မှတ်တမ်းဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ တူညီမှုရှိသဖြင့် ၎င်းကိုဖမ်းဆီးခေါ်ဆောင်၍ စမ်းချောင်းမြို့မရဲစခန်း၌ (ပ)၃၆၁/၂၀၂၆ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ပုဒ်မ(၈၄)ဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်ထားပြီး ထပ်မံစစ်ဆေးခဲ့ရာ စက်တင်ဘာ ၄ ရက်က အလားတူဖြစ်ပွားခဲ့သည့် အမှတ် (၈)အစုန် DEMU ရထား၏ ပထမတန်းတွဲကို ခဲဖြင့်ပစ်ပေါက်ခဲ့သည့် အမှုပါ ပေါ်ပေါက်ခဲ့သည်။

မြန်မာ့မီးရထားအနေဖြင့် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ အခန်း ၁၈ ပုဒ်မ ၇၉ (ခ)အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း သို့မဟုတ် တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ(၈၄)အရ ထိုသူကို အနည်းဆုံး ငါးနှစ်မှ အနှစ် ၂၀ ထိ မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ပြီး ဖမ်းဆီးရမိသော တရားခံများကို ဥပဒေနှင့်အညီ ထောင်ဒဏ်များ အသီးသီး ချမှတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းသွားရန် လိုအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ **ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် အားကစားရေးရာဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

အမျိုးသား လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာန အသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန အသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းက အလုပ်သမားဝန်ကြီးဌာန အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

စက်တင်ဘာ ၇ ရက်**(ယနေ့)**နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်းအမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း နှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းနှင့် အားကစားရေးရာ ဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန အသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနအသင်း၊ လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာန အသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● **အာရှယူ-၂၀ ပြိုင်ပွဲမှ**

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အိမ်ရှင်မြန်မာအသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူပြီး ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၀ မိနစ်တွင် စိုင်းဘိုဘိုကျော်၊ ပွဲချိန် ၂၁ မိနစ်တွင် သူရမင်းသန့်တို့က မြန်မာအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအသင်းက ပထမပိုင်းကထက် ပိုမိုအသာစီးရယူပြီး ဂိုးပေါက်ခြိမ်းခြောက်မှုများ လုပ်ဆောင်နိုင်ခဲ့ကာ ပွဲချိန် ၅၂ မိနစ်တွင် သူရမင်းသန့်၊ ပွဲချိန် ၅၆ မိနစ်တွင် ကြယ်ရောင်မင်းလေး၊ ပွဲချိန် မိနစ် ၇၀ တွင် ကောင်းခန့်ကျော်၊ ပွဲချိန် ၈၅ မိနစ်တွင် စွမ်းဇာနည်တို့က ဦးဆောင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲတွင် အုပ်စုပွဲစဉ်သုံးပွဲကစားခဲ့ရာ သုံးပွဲနိုင် ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး လာမည့် ၂၀၂၈ ခုနှစ်တွင် အာရှယူ-၂၀ ပြိုင်ပွဲကို ခြေစစ်ပွဲဝင်ရောက်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

STA

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား နှစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသားတစ်ဦးနှင့် နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသားနှစ်ဦးတို့ကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ယနေ့တွင် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၆ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၉ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၈၁ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ဦးရေ ၂၂၀ တို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



တရားမဝင် ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား နှစ်ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိစဉ်။

---

**❑ ညောင်တုန်းမြို့နယ်မှ**

တာမိုင် (၁၁/၅)နှင့် (၁၁/၆)ကြား ယာယီပန်းတာ တည်ဆောက်ခြင်း၊ ဆည်မြောင်းမူရင်းတာ တာမိုင် (၁၁/၆ + ၃၀၀) မှ (၁၁/၇ + ၆၀၀) အတွင်း ခန့်မှန်းလျာထား အလျား ပေ ၇၀၀ ကို သဲအိတ်များဖြင့် တာခြေထောက်ခြင်း၊ ဆည်မြောင်းတာအတွင်းဘက်ခြမ်း တာမိုင် (၁၁/၆ + ၃၀၀) မှ တာမိုင် (၁၁/၇ + ၆၀၀)ထိ ပန်းတာတည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ကမ်းပြိုကာကွယ်ရေးသုံး Geotextine ခင်းခြင်း၊ Steel Cable Groyne ၂-ချောင်း ဆောင်ရွက်ခြင်းနှင့် ရေလယ်သောင်တူးခြင်း လုပ်ငန်းများကို ယနေ့တွင် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

---

**■ နေရာကွက်၍မိုးကြီးနိုင်မှ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)




---

# ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံး တစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

---

**❖ မြင်းစီးအားကစားပြိုင်ပွဲမှ**

ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက Flag-off အလံလွှင့်ခြင်းနှင့် မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ခေါင်းလောင်းတီးခြင်းတို့ဖြင့် တစ်ပြိုင်တည်းတာလွှတ်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင်အားကစားသမား ရှစ်ဦး၊ မြင်း ရှစ်ကောင် စုစုပေါင်း ပြိုင်ပွဲဝင် အတွဲ ရှစ်တွဲ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်အားကစားသမားများနှင့် မြင်းများက သတ်မှတ်ထားသော Water Point နေရာသို့ ရောက်ရှိသည့်အခါ မြင်းများကို ရေလောင်းပေးခြင်း၊ရေတိုက်ခြင်း၊ ပထမလမ်းပိုင်း ကီလိုမီတာ ၂၀ အတွက် ပြိုင်ပွဲကွင်းနေရာသို့ ပြန်လည်ရောက်ရှိသတင်းပို့ခြင်း၊ မြင်းများကို ရေလောင်းပေးခြင်း၊ ရေတိုက်ခြင်း၊ တိရစ္ဆာန်ကုဆရာဝန် (Vet) အဖွဲ့က ကျန်းမာရေးစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ ဒိုင်လူကြီးအဖွဲ့တို့က မြင်းများကို အဝင်၊ အထွက် မှတ်ပုံတင်စစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဒုတိယလမ်းပိုင်း ကီလိုမီတာ ၂၀ အတွက် ပြိုင်ပွဲဝင်အားကစားသမားများနှင့်မြင်းများ သတ်မှတ်အချိန်တွင် ပြန်လည်ထွက်ခွာကြပြီး သတ်မှတ်ထားသော Water Point နေရာသို့ရောက်ရှိသည့်အခါ မြင်းများကိုရေလောင်းပေးခြင်း၊ ရေတိုက်ခြင်းတို့ဆောင်ရွက်ပေးပြီး မြင်းစီးအားကစားကွင်းရှိ သတ်မှတ်နေရာတွင် ပန်းဝင်ကြကာ တိရစ္ဆာန်ကုဆရာဝန်(Vet) အဖွဲ့ကဒုတိယအကြိမ်ထပ်မံ၍ ကျန်းမာရေးစစ်ဆေးခြင်းနှင့်သက်ဆိုင်ရာဒိုင်လူကြီးအဖွဲ့တို့က မြင်းများကိုအဝင်၊အထွက် မှတ်ပုံတင်စစ်ဆေးခြင်းတို့ဆောင်ရွက်ကြသည်။

စစ်ဆေးမှုများအပြီးတွင် ကီလိုမီတာ ၄၀ ခရီးရှည်မြင်းစီးအရည်အချင်းစစ်ပြိုင်ပွဲအောင်မြင်ခဲ့သည့် အားကစားသမားများနှင့် မြင်းများကို အရည်အချင်းစစ်ဆေးမှုအောင်မြင်ကြောင်း အောင်လက်မှတ်များပေးအပ်ပွဲကျင်းပရာ တာဝန်ရှိသူများက စစ်ဆေးမှုရလဒ်များကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ပြိုင်ပွဲဝင်အားကစားသမားများနှင့် မြင်းရှစ်တွဲတို့အနက် အရည်အချင်းစစ်ဆေးမှုအောင်မြင်ခဲ့သော အားကစားသမားများဖြစ်ကြသည့် လင်းပြည့်သူနှင့် မြင်းအမည် ရတနာထွန်းတို့အတွဲ၊ ကျော်တိုးလင်းနှင့် မြင်းအမည် တော်ဝင်ထွန်းတို့အတွဲ၊ ထူးထက်လွင်နှင့် မြင်းအမည် မဟာထွန်းတို့အတွဲ၊ အောင်မြတ်ဇော်နှင့် မြင်းအမည် ဇယံထွန်းတို့အတွဲ၊ မြတ်သူထက်နှင့် မြင်းအမည် ဘဂျမ်းတို့အတွဲ၊ အောင်ကျော်ဇင်နှင့် မြင်းအမည် စိန်ဇက်ကြားတို့အတွဲ၊ ရဲပိုင်ဦးနှင့် မြင်းအမည် သိဒ္ဓိထွန်းတို့အတွဲ စုစုပေါင်းအားကစားသမားနှင့် မြင်း ခုနစ်တွဲအတွက် အရည်အချင်းစစ်အောင်လက်မှတ်များကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၈၅၉၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၈၅၉၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၈၅၉၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ နေကြာ ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံနေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယင်းမာပင်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများအရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်မည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဆီဆိုင်မြို့နယ် ညောင်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆီဆိုင် စက်တင်ဘာ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ညောင်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ညောင်ကိုင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၈၈ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးတံခွန်ခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးတံခွန်ခြောက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးပိ၊ ငံပြာရည်နှင့် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လက ငါးတံခွန်ခြောက် ပိဿာချိန် ၄၂၀၀၀ သာ ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လတစ်လအတွင်း ငါးတံခွန်ခြောက်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့တဲ့ ငါးတံခွန်ခြောက်တွေက အရည်အသွေးကောင်းပြီး စနစ်တကျ ထုတ်လုပ်ထားတဲ့ ငါးခြောက်တွေပါ။ ဒီဘက်ကနေ ငါးတံခွန်ခြောက်တွေ အပါအဝင် ငါးခြောက်အမျိုးမျိုးကို စနစ်တကျ ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။



လက်ရှိလဲ ဝယ်လက်တွေက မှာယူထားတာတွေ ရှိပါတယ်"ဟု ဖျာပုံမြို့နယ် ငါးပိ၊ ငံပြာရည်နှင့် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်သည် ဒေသထွက် ငါးတံခွန်ခြောက်များ အပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးတံခွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၇၅၀၀ ထိ အရွယ်အစားပေါ် မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# အုတ်ဖိုမြို့နယ် ကျေးဖြူကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

**အုတ်ဖို စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးဖြူကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘော ဆန္ဒနှင့်အညီ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ကျေးဖြူကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**



# ပေါင်မြို့နယ် ကရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပေါင် စက်တင်ဘာ ၆**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆုစန္ဒီအောင်နှင့် ဝန်ထမ်းများက ကရင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ စာရင်းဇယားများဖြည့်သွင်းထားခြင်း ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ ကရင်စုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၂၄ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၈ ဒသမ ၈ သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ်သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၄ သန်း ထုတ်ချေးထားကြောင်း သိရသည်။ **သုတ**

# အနာဂတ်နိုင်ငံတော်ကို ပညာရေးဖြင့် တည်ဆောက်စို့

မောင်သောင်းဝင်း(တမန်ဟောင်း)

ပညာဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ်ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ပင်ဖြစ်သည်။ "ပညာရဲရင့် ပွဲလယ်တင့်"၊ "ပညာရွှေအိုး၊ လူမခိုး"ဆိုသည့် အဆုံးအမများသည် ပညာ၏တန်ဖိုးများပင်ဖြစ်ပြီး ငယ်စဉ်အခါပညာရှာ ဆိုသည့်စကားသည် နုပျိုငယ်ရွယ်စဉ်တွင် ပညာကိုရှာဖွေရန် တိုက်တွန်းထားခြင်းပင်ဖြစ်သည်။

မျိုးဆက်သစ်များအနေဖြင့် ပညာကို ငယ်စဉ်ကတည်းက ပညာသင်ယူမှသာလျှင် ဘဝတွင် အခက်အခဲမရှိ ရှင်သန်ရပ်တည်နိုင်ရန် လိုအပ်သော အသိပညာ၊ အတတ်ပညာနှင့် နည်းပညာများကို ရရှိနိုင်မည်ဖြစ် သည်။ ထို့ပြင် ပညာသင်ယူခြင်းသည် အမှားနှင့်အမှန်ကို ခွဲခြားဆင်ခြင်နိုင်မှု၊ အခက်အခဲနှင့်ပြဿနာများကို မှန်ကန်သည့်နည်းလမ်းဖြင့် ဖြေရှင်းနိုင်မှု၊ ထိုးထွင်းသိမြင်မှု၊ တီထွင်ကြံဆတတ်မှု၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်မှု၊ ဦးဆောင်ဦးရွက်ပြုနိုင်မှု စသည့်အရည်အချင်းများ ရရှိလာမည်ဖြစ်သည်။

ပညာရေးသည် လူတစ်ဦး၏ဘဝတိုးတက်အောင်မြင်ရေးအတွက်များစွာအရေးပါလျက်ရှိသည်။ အမှန်တော့ပညာရေးသည် လူတစ်ဦးကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ငယ်စဉ်ကတည်းကပုံမှန်ပညာရေးကိုစဉ်ဆက်မပြတ်သင်ယူခဲ့သော လူငယ်များသည် နေ့စဉ်လူနေမှုဘဝတွင် ကြုံတွေ့ရမည့်အခက်အခဲများကို အလွယ်တကူဖြေရှင်းနိုင်မည်ဖြစ်သည်။ ပညာရဲရင့်ပွဲလယ်တင့်ဆိုသည့်အတိုင်း အသိပညာနှင့်အတတ်ပညာရှိသူများသည် သူတစ်ပါးလိမ်လည်လှည့်ဖြားခံရမှု အလားအလာနည်းပါးမည်ဖြစ်သည်။

အထူးသဖြင့် ပုံမှန်ပညာရေးကို ဆုံးခန်းတိုင်အောင်သင်ကြားနိုင်ခြင်းသည် လူတစ်ဦး၏ ဘဝတိုးတက်မှုအတွက်များစွာ အရေးပါလျက်ရှိသည်။ ပညာတတ်လူငယ်များပြားသော တိုင်းပြည်သည် တိုးတက်မှုဆီသို့သာ ဦးတည်စေမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းသည် ပညာရေးနယ်ပယ်တွင်ရင်းနှီးမြှုပ်နှံလေ့ရှိသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံသည်လည်း ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား၌ အမှာစကားပြောကြားရာတွင် "နိုင်ငံကို ခေတ်မီနိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်စေရန်အတွက် အရည်အသွေးပြည့်ဝသည့် ပညာတတ် လူငယ်များ၏ စွမ်းရည်စွမ်းအားမြင့်မားမှုသည် ပဓာနကျကြောင်း၊ အတွေးအခေါ်မြင့်မားပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် ထူးချွန်လူငယ်များသည် နိုင်ငံတော်အတွက် အဖိုးအနဂ္ဃထိုက်တန်သည့် အမြတ်တေရတနာများပင်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်စွမ်းဆောင်နိုင်စွမ်း၊ ဖန်တီးနိုင်စွမ်းရှိကြသည့် အရင်းအမြစ်များလည်း ဖြစ်ကြကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍကို အားပေးမြှင့်တင်ပြီး ပညာအမွေအနှစ်များကို ရင်းနှီးမြှုပ်နှံပေးလျက်ရှိသည်။ ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ၊ ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ကာ ပညာရေးကို စဉ်ဆက်မပြတ် မြှင့်တင်ပေးလျက်ရှိသည်။ မျိုးဆက်သစ်များ ပညာသင်ကြားရေးတွင် လူတန်းစားပေါင်းစုံပညာမသင်ရသူ မကျန်ရှိစေရေးအတွက် ဘက်စုံကဏ္ဍစုံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အခမဲ့ပညာရေးနှင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

**❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်များစွာလိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်ရန်အတွက် ပညာရေးကဏ္ဍကို နည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိသည်။ ထိုသို့ နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ကျောင်းသား၊ ကျောင်းသူ၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပေသည်။ ❖**

နိုင်ငံသားတစ်ဦး ပညာသင်ယူခြင်းသည် နိုင်ငံအတွက်အင်အားကို ဖြစ်စေခြင်းပင်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုတို့ မြင့်မားသော နိုင်ငံသားအများအပြားရှိနေမှသာ နိုင်ငံတည်ဆောက်ရေးနှင့် ကာကွယ်ရေးတို့အတွက် မဖြစ်မနေလိုအပ်သော အဖိုးတန်လူ့စွမ်းအား အရင်းအမြစ်ကို ရရှိနိုင်သည်။ မျက်မှောက်ကာလ ပညာခေတ်တွင် နိုင်ငံ၏တိုးတက်မှုသည် ပညာပေါ်တွင် အခြေခံသည့်အလျောက် နိုင်ငံတိုင်းက ပညာရေးတွင်ပိုမို၍ ရင်းနှီးမြှုပ်နှံကြကာ တန်ဖိုးမြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်ရရှိနိုင်ရန် ကြိုးပမ်းကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများကို အလေးထားမြှင့်တင်ကာ နိုင်ငံတော်၏ အနာဂတ်အတွက် အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် လူငယ်များ၏ အခန်းကဏ္ဍကို ထိထိရောက်ရောက်အာရုံစိုက်ပြီး အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်လူရွယ်တိုင်း ပညာတတ်မြောက်ရေး၊ ထူးချွန်လူငယ်များကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပံ့ပိုးရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံသားများ၏ အသိဉာဏ်ပညာ ပြည့်စုံကြွယ်ဝမှု၊ အခြေခံစိတ်ဓာတ်ကောင်းမွန်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထားထိန်းသိမ်းတတ်မှု၊ စာရိတ္တကောင်းမွန်မှု စသည့် အရည်အချင်းများကို စနစ်တကျ ပျိုးထောင်ပေးရန်လိုအပ်သည်။ ထိုသို့ဆောင်ရွက်မှသာလျှင် ဘက်စုံထူးချွန်ထက်မြက်ပြီး စွမ်းဆောင်ရည်မြင့်မားသည့်နိုင်ငံသားများ၏ စွမ်းပကားများနှင့် ခေတ်မီနိုင်ငံတော်သစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအပေါ်တွင် များစွာမူတည်လျက်ရှိသည်။ ထို့ကြောင့် အစိုးရများအနေဖြင့် ပညာရေးကဏ္ဍအတွက် ငွေကြေးများစွာရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ လူငယ်များပညာဆုံးခန်းတိုင်အောင် သင်ကြားခွင့်ရရှိရေးအတွက် နိုင်ငံတော်အစိုးရက အခမဲ့ပညာရေးစနစ်များ ဖော်ဆောင်ပေးနေသလို မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမကလည်း သားသမီးများ၊ ကျောင်းသား၊ ကျောင်းသူများကို ဝိုင်းဝန်းထိန်းကျောင်းကြပ်မတ်ပေးသွားရန် လိုအပ်ပေသည်။ ထို့ကြောင့် တိုင်းပြည်အနာဂတ်ကို ပုခုံးပြောင်းတာဝန်ထမ်းဆောင်မည့်လူငယ်များ၏ပညာတတ်မြောက်မှုသည် ထိုတိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါလျက်ရှိသည်။

အထူးသဖြင့် လူငယ်များသည် ပညာထူးချွန်အောင် ကြိုးစားအားထုတ်နေရမည်ဖြစ်သလို စာပေဖတ်ရှုသည့် အလေ့အထကောင်းများကိုလည်း မပြတ်ဆောင်ရွက်သွားရန်လိုအပ်သည်။ ထို့ပြင် ကျန်းမာစွာနေထိုင်တတ်ရန်အတွက် ဝါသနာပါရာ အားကစားတစ်မျိုးမျိုးကိုလည်း ပုံမှန်ပြုလုပ်ပေးရန် လိုအပ်သည်။ အသက်အရွယ်အလိုက် အတ္တ၊ ပရမ္မတတ ဆောင်ရွက်ရန်လိုပြီး အချိန်ကို အကျိုးရှိအောင် အသုံးချတတ်ရန်လိုအပ်ပေသည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်၍ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် AI အခြေပြုဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အားကောင်းလာနေသည်။ နည်းပညာခေတ်တွင် လူငယ်များအနေဖြင့် ကမ္ဘာ့အခြေအနေအရပ်ရပ်တို့ကို မျက်ခြည်မပြတ်သိရှိပြီး သိပ္ပံနှင့်နည်းပညာအခြေပြုစွန့်ဦးတီထွင်မှုများ ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်သည်။ ခေတ်မီနည်းပညာရပ်များကို လက်လှမ်းမီရှာဖွေရာတွင် လူမှုကွန်ရက်များနှင့် အင်တာနက်များကို မှန်မှန်ကန်ကန် အကျိုးရှိရှိအသုံးချရန်လိုသည်။ အကျိုးမရှိသည့်အွန်လိုင်းလိမ်လည်မှု၊ မဟုတ်မမှန်လုပ်ကြံဖန်တီးမှု၊ အများပြည်သူစိုးရိမ်ပူပန်မှု၊ အကျင့်စာရိတ္တပျက်ပြားစေမှု စသည့်တလွဲအသုံးချမှုများကို မပြုလုပ်မိစေရန်လိုအပ်သည်။

စင်စစ်အားဖြင့် မျိုးဆက်သစ်လူငယ်များသည် မိမိနိုင်ငံနှင့်ပတ်သက်သမျှတို့ကို ကောင်းမွန်စွာ သိရှိနားလည်ထားရန်လိုအပ်သည်။ မိမိတို့၏ ရေမြေတောတောင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့ကို ချစ်မြတ်နိုးရန်လိုအပ်ပြီး နိုင်ငံနှင့် လူမျိုး၏ သမိုင်းကြောင်းကို မှန်ကန်စွာသိရှိနားလည်၍ ဂုဏ်ယူတတ်ရန်၊ သင်ခန်းစာယူတတ်ရန် လိုအပ်သည်။ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူများဖြစ်ရန်လည်းလိုအပ်သည်။

**အနာဂတ်နိုင်ငံတော်ကိုပညာရေးဖြင့် တည်ဆောက်စို့**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်များစွာလိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်ရန်အတွက် ပညာရေးကဏ္ဍကို နည်းလမ်းပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိသည်။ ထိုသို့ နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ကျောင်းသား၊ ကျောင်းသူ၊ မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပေသည်။

စင်စစ်အားဖြင့် ပညာရေးတွင်ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်တိုးတက်ရေးကို ဖော်ဆောင်နေခြင်းပင်ဖြစ်သည်။ ထိုသို့ရင်းနှီးမြှုပ်နှံခြင်းဖြင့် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားစေမည်ဖြစ်သည်။ အထူးသဖြင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားနေမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရာတွင် မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကြီးကို တိုးတက်အောင် ထူထောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များပညာတတ်စေရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

အလားတူ မိဘအုပ်ထိန်းသူများကလည်း မိမိသား သမီးများပညာထူးချွန်ကာ လူတော်လူကောင်းများဖြစ်လာရေးအတွက် စနစ်တကျ မြေတောင်မြှောက်ပေးရန်လိုအပ်သည်။ သားသမီးများကို မိမိထက်ထူးချွန်အောင် ပြုစုပျိုးထောင်ပေးနိုင်မှသာလျှင် မိဘဝတ္တရား ကျေပွန်မည်ဖြစ်သည်။ သို့ဖြစ်ရာ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်ရန်အတွက် မျိုးဆက်သစ်လူငယ်များ အေးချမ်းစွာ ပညာသင်ယူနိုင်ရေး၊ ပညာထူးချွန်ပြီး လူတော်လူကောင်းများဖြစ်လာရေးနိုင်ငံတော်၏အားပေးမှုနှင့်အတူ မိဘ၊ ဆရာ၊ ဆရာမများအားလုံးက ဝိုင်းဝန်းပြုစုပျိုးထောင်မြေတောင်မြှောက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- ၁-၉-၂၀၂၆ ထုတ်သတင်းစာများ။**

# နားကိုက်ရောဂါ ဖြစ်ပွားရခြင်းအကြောင်းများ

ပေါက်ပေါက်



နားကိုက်ရောဂါသည် အအိပ်ပျက်၊ အစားပျက်၊ အလုပ်အကိုင်ပျက်ကာ အလွန်ခံစားရခက်ခဲသော ဝေဒနာဖြစ်ပြီး တချို့သူများတွင် လုံးဝပျောက်ကင်းအောင်ကုသရန်လည်း အချိန်ကြာတတ်သည်။ နားကို အပြင်နား၊ အလယ်နား၊ အတွင်းနားဟူ၍ အောက်ပါအတိုင်း သုံးပိုင်းခွဲခြားထားသည်။

**အပြင်နား**

ပြင်ပမှာတွေ့မြင်နေရသည့် နားရွက်၊ ၎င်းနှင့် နားစည်ဆက်စပ်နေသော ပြွန်လမ်းကြောင်းတို့ကို အပြင်နားဟုခေါ်သည်။ အပြင်နားသည် အပြင်လောကအတွင်းမှာဖြစ်ပေါ်လာသည့် အသံလှိုင်းကို စုစည်းဖမ်းယူပြီး အလယ်နားကိုရောက်စေသည်။ နားစည်သည် အပြင်နားနှင့် အတွင်းနားကို ပိုင်းခြားထားသော အမြှေးပါးဖြစ်သည်။

**အလယ်နား**

"အလယ်နား"သည် အခန်းငယ်သဖွယ်ဖြစ်ပြီး ၎င်းသည် နားစည်နှင့်ဆက်စပ်နေသော တူ၊ ပေ၊ ထိန်ကွင်း အရိုးငယ်သုံးခုရှိသည်။ နားစည်ကိုလာထိသည့် အသံလှိုင်းတုန်ခါနှုန်းသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော ထိုအရိုးငယ်သုံးခုမှတဆင့် အတွင်းနားကို ဆက်လက်ရောက်ရှိသွားသည်။ အလယ်နားသည် လည်ချောင်း၏ပြွန်ငယ်တစ်ခုနှင့် ဆက်စပ်နေသည်။

**အတွင်းနား**

"အတွင်းနား"ထဲရှိ ခရုပတ်လမ်းကြောင်းအခွေ (Cochlea) နှင့် ၎င်း၏ နောက်ဘက်ဆက်စပ်နေသော (Vestibule) ခေါ် အရိုးဖြင့်ပြုလုပ်ထားသည့် အရာတို့၏ အတွင်းအခေါင်းပေါက်ထဲရှိ အရည်တစ်မျိုးသည် နားအတွင်းရောက်ရှိလာသော အသံတုန်ခါမှုများကို သောတအာရုံအဖြစ် ခံစားနိုင်စေရန် ဆက်လက်တာဝန်ယူဆောင်ရွက်ပေးသည်။ ၎င်းသောတအာရုံခံဆဲလ်များမှ သောတအာရုံကြောကို ဖြတ်သန်း၍ ဦးနှောက်သို့သတင်းပို့ပေးသည်။ ဦးနှောက်က ၎င်းထံရောက်လာသောအသံကို သဘာဝအလျောက် ခွဲခြားနားလည်နိုင်စွမ်းရှိသည်။

**နားကိုက်ရောဂါ ဖြစ်ပွားရသောအကြောင်း**

နားကိုက်ရောဂါဖြစ်ပွားရသော အကြောင်းရင်းများစွာရှိပြီး အလယ်နားတွင် ရောဂါပိုးဝင်ခြင်းသည် နားကိုက်ခြင်း၏ အကြောင်းရင်းဖြစ်သည်။ တစ်ခါတစ်ရံ အပြင်နားနှင့်နားစည်ကို ဆက်သွယ်ထားသောပြွန်တွင် အနာဖြစ်ပွားပြီး ၎င်းမှာအလွန်နာကျင်လေ့ရှိသည်။

နားကိုက်ရောဂါဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများကို နားအတွင်းပိုင်းပြဿနာများကြောင့်ဖြစ်ခြင်းနှင့် နားပြင်ပ၊ အခြားအင်္ဂါအစိတ်အပိုင်းများကြောင့် ဖြစ်ခြင်းဟူ၍နှစ်မျိုးရှိသည်။

**နားအတွင်း၊ နားထဲ၌ တိုက်ရိုက်ဖြစ်ပွားသော အကြောင်းအရင်း**

နားအလယ်ပိုင်းပိုးဝင်ခြင်း (Otitis Media) – အအေးမိ၊ တုပ်ကွေးသို့မဟုတ် နှာစေးချောင်းဆိုးရာမှတစ်ဆင့် နားနှင့်လည်ချောင်းကို ဆက်သွယ်ထားသောပြွန် (Eustachian tube) ပိတ်ပြီး ပိုးဝင်ကာ အရည်များနှင့်ပြည်များစုလာခြင်းဖြစ်သည်။ ကလေးများတွင် ပို၍အဖြစ်များသည်။

နားအပြင်ပိုင်းပိုးဝင်ခြင်း (Otitis Externa) – ရေကူးပြီးနောက် နားထဲရေဝင်ကျန်ခဲ့ခြင်း သို့မဟုတ် နားဖာကလော်တံ၊ ဂွမ်းတံများဖြင့်ဆွရာမှတစ်ဆင့် ဘက်တီးရီးယား သို့မဟုတ် မှိုပိုးဝင်ရောက်ခြင်းဖြစ်သည်။

နားဖိအားမညီမျှခြင်း (Barotrauma) – လေယာဉ်စီးသည့်အခါ၊ တောင်တက်သည့်အခါ သို့မဟုတ် ရေငုပ်သည့်အခါမျိုးတွင် ပြင်ပလေဖိအားနှင့် နားတွင်းဖိအားမညီမျှဘဲ နားကိုက်၊ နားအောင့်ခြင်း ဖြစ်တတ်သည်။ လေယာဉ်စီးခရီးသည်များတွင် လေယာဉ်တက်သောအခါ နားအူခြင်း၊ နားကိုက်ခြင်းများဖြစ်ပွားတတ်ပြီး ၎င်းမှာခဏသာဖြစ်၍ စိုးရိမ်ပူပန်ရန်မလိုပေ။ သို့သော် လေယာဉ်ဆင်းသောအခါတွင် လေယာဉ်တွင်း လေဖိအားမြင့်မားနေသဖြင့် နားစည်ကို အတွင်းသို့ဖိနှိပ်သကဲ့သို့ဖြစ်သောကြောင့် နားအတွင်းနာကျင်မှုကိုပါ ခံစားရတတ်သည်။ တစ်နည်းဆိုသော် အလယ်နားနှင့် လည်ချောင်းတို့ကို ပြွန်ငယ်ကလေးနှင့်ဆက်ထားရာ ပြင်ပမှ လေထုဖိအားနှင့် အလယ်နားအတွင်းရှိ ဖိအားတို့သည်ညီမျှနေသော်လည်း လေယာဉ်စီးချိန်တွင် ပြင်ပလေထုဖိအား ရုတ်တရက်ပြောင်းလဲသွားသည့်အခါ အလယ်နားရှိအတွင်းဖိအားကရုတ်တရက် မပြောင်းလဲနိုင်သေးသဖြင့် နားအူ၊ နားကိုက်ခြင်းကို ဖြစ်စေသည်။ လေယာဉ်စီးလျှင်လည်းကောင်း၊ ရေအောက်ကို နက်နက်ငုပ်သည့်အခါတွင်လည်းကောင်း နားအူ၊ နားကိုက်ခြင်းကိုဖြစ်စေသည်။ ထိုအခါ နှာခေါင်းကိုလက်ဖြင့်ညှစ်ပိတ်၍ ပါးစပ်ကိုဖောင်းကာ လေမှုတ်ပေးခြင်း၊ သမ်းဝေပေးခြင်း၊ တံတွေး သို့မဟုတ် ရေမျိုချခြင်း၊ ပီကေဝါးခြင်း၊ မေးရိုးကစားခြင်း၊ ကလေးငယ်များကို အရည်သောက်ခိုင်းခြင်းစသည်ဖြင့် သက်သာအောင်ပြုလုပ်ပေးရပါမည်။ အအေးမိနှာစေးနေလျှင် သို့မဟုတ် နှာခေါင်းပိတ်နေလျှင် လေယာဉ်စီးခြင်းနှင့် ရေအောက်နက်နက်ငုပ်ခြင်းတို့ကို ရှောင်ကြဉ်ရမည်။

နားချေးအလွန်အမင်းစုပုံခြင်း (Earwax Build-up) – နားချေးတွေမာခဲပြီး နားပြွန်ကိုလာရောက်ပိတ်ဆို့သည့်အခါ နားကိုက်ခြင်း၊ နားအူခြင်းနှင့် အကြားအာရုံလျော့နည်းခြင်းတို့ဖြစ်နိုင်သည်။ နားအတွင်းမှ နားဖာချေးထွက်ရှိမှုသည် တစ်ဦးနှင့်တစ်ဦးမတူကြဘဲ တချို့မှာ နားကိုလုံးဝပိတ်စေနိုင်သည်ထိ နားဖာချေးထွက်တတ်ပြီး နားကိုက်ခြင်းကိုဖြစ်စေသည်။ ဤသို့ဖြစ်ပါက ကျွမ်းကျင်သူဆရာဝန်၊ သူနာပြုများက ထိခိုက်မှုမရှိစေဘဲ ထုတ်ပေးနိုင်သည်။ ပထမရက်တွင် နားဖာချေးကို ပျော့ပြောင်းစေသောဆေး သို့မဟုတ် သံလွင်ဆီထည့်ပေးပြီး နောက်ရက်တွင်မှ ထုတ်ပစ်ရမည်။

နားစည်ပေါက်ခြင်း သို့မဟုတ် ဒဏ်ရာရခြင်း – နားထဲပစ္စည်းချွန်ထက်သည်များဖြင့် ထိုးဆွခြင်း၊ နားထင်ကိုပြင်းထန်စွာရိုက်မိခြင်း သို့မဟုတ် အသံကျယ်လွန်းသည့် ပေါက်ကွဲသံများကြောင့် နားစည်ပေါက်ပြဲပြီး ပြင်းထန်စွာကိုက်ခဲနိုင်သည်။

နားထဲအပြင်ပစ္စည်းများဝင်ခြင်း – ကလေးများတွင် ဥပမာ ဩဇာသီးအစေ့ သို့မဟုတ် ကြယ်သီး သို့မဟုတ် ဖန်သီးကလေးများ၊ ကစားစရာအစိတ်ပိုင်းများ သို့မဟုတ် လူကြီးများတွင် ပိုးမွှားများနားထဲဝင်ရောက်သွားခြင်းကြောင့်ဖြစ်သည်။

နားပြည်ယိုခြင်း – Ear discharge ခေါ် နားပြည်ယိုခြင်းကြောင့်လည်း နားကိုက်ခြင်းကို ဖြစ်စေသည်။ နားပြည်ယို၍ နားကိုက်ခြင်းတွင် ရုတ်တရက်ချက်ခြင်းဖြစ်ပေါ်ခြင်းနှင့် ကြာရှည်ဆက်လက်ဖြစ်ပေါ်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ ရောဂါဖြစ်စတွင် အလယ်နားအတွင်းရှိပြည်များသည် များပြားလာသည့်အခါ နားစည်ကိုဖောက်ပြီး အပြင်ထွက်လာကြသည်။ ထိုအခါ အနည်းငယ်သက်သာသွားသလိုရှိ၍ ဂရုမစိုက်မိကြပေ။ တစ်ခါတစ်ရံအလိုအလျောက် သက်သာသွားတတ်သော်လည်း ဆေးကုမှုမခံယူလျှင် ကြာရှည်ဖြစ်ပွားနိုင်သည်။ နာတာရှည်ဖြစ်လာပြီး နားမကြားနိုင်တော့သည့် အဆင့်ထိရောက်သွားနိုင်သည်။ နားပြည်ယို၊ နားကိုက်ပါက အိမ်တွင်းကုထုံးမသုံးဘဲ သက်ဆိုင်ရာဆရာဝန်ဖြင့် ထိရောက်မှန်ကန်သော ကုသမှုကိုခံယူသင့်သည်။

**နားသို့ကူးစက်လာသောဝေဒနာများ**

နားနှင့် ဦးခေါင်း၊ လည်ချောင်း၊ မေးရိုး အာရုံကြောများဆက်စပ်နေသည့်အတွက် အခြားနေရာတွင်ဖြစ်ပွားသော ဝေဒနာများကလည်း နားကိုက်ခြင်းအဖြစ် ခံစားရစေနိုင်သည်။

သွားနှင့် ခံတွင်းပြဿနာများ – သွားပိုးစားခြင်း၊ သွားပြည်တည်ခြင်းတို့ကြောင့် မေးရိုးမှတစ်ဆင့် နားအထိ နာကျင်မှုကူးစက်တတ်သည်။

မေးရိုးအဆစ်ရောဂါ (TMJ Disorders) – အစာဝါးသည့် မေးရိုးအဆစ်ရောင်ရမ်းခြင်း သို့မဟုတ် မေးရိုးကြိတ်သည့် အကျင့်ရှိခြင်းတို့ကြောင့် နားတစ်ဝိုက်နာကျင်နိုင်သည်။

လည်ချောင်းနာခြင်း (Pharyngitis) – လည်ချောင်းနာရောဂါဖြစ်လျှင် လည်ချောင်းအာရုံကြောမှတစ်ဆင့် နားသို့ နာကျင်မှုရောက်ရှိလာတတ်သည်။

နှာခေါင်းနှင့် ထိပ်ကပ်နာ (Sinusitis) – ထိပ်ကပ်နာရောင်ရမ်းသည့်အခါ နားအတွင်းပိုင်း ဖိအားတိုးလာပြီး နားကိုက်ခြင်းဖြစ်စေသည်။

အာသီးရောင်ခြင်း (Tonsillitis) – အာသီးရောင်ခြင်းကို စနစ်တကျဆေးကုသခြင်းမပြုပါက အာခေါင်နှင့် နားသို့ဆက်သွယ်ထားသော ပြွန်ငယ်မှတစ်ဆင့် ရောဂါပိုးများ နားအတွင်းသို့ရောက်ရှိသွားပြီး နားအမြှေးပါးများ ရောင်ရမ်းလာသည်။ ထိုအခါ နားကိုက်ခြင်း၊ နားအူခြင်း၊ နားမကြားခြင်းနှင့် နားပြည်ယိုခြင်းစသည့် နားနှင့် ပတ်သက်သောရောဂါများ ဖြစ်စေနိုင်သည်။

**ခေတ္တသက်သာအောင်လုပ်ဆောင်နိုင်သည်များ**

နားကိုက်သည့်အခါ နားဖာကလော်တံ သို့မဟုတ် ပစ္စည်းတစ်ခုခုဖြင့် ထပ်မံထိုးဆွခြင်း လုံးဝမပြုလုပ်ပါနှင့်။ အောက်ဖော်ပြပါ နည်းတချို့က နားကိုက်ဝေဒနာကို ခေတ္တသက်သာစေသည်။

ရေနွေးအိတ်ကပ်ပေးပါ – ရေနွေးအိတ် သို့မဟုတ် အဝတ်စသန့်သန့်ကို ရေနွေးနွေးဆွတ်ပြီး နားအပြင်ဘက်မှာ ၁၅ မိနစ်ခန့်ကပ်ပေးပါ။

ခေါင်းကိုမြှင့်အိပ်ပါ – အိပ်သည့်အခါ ခေါင်းအုံးကို နည်းနည်းမြှင့်ထားရင် နားထဲမှာဖိအားလျော့သွားပြီး နားကိုက်ခြင်းကိုသက်သာစေသည်။

အကိုက်အခဲပျောက်ဆေးသောက်ပါ – နာကျင်မှုပြင်းထန်ပါက ပါရာစီတမော (Paracetamol) သို့မဟုတ် အိုင်ဘူပရိုဖင် (Ibuprofen) ကဲ့သို့ အကိုက်အခဲပျောက်ဆေးများကို သင့်တော်သည့်ပမာဏအတိုင်း သောက်သုံးနိုင်သည်။

**ဘယ်အချိန်မှာ ဆရာဝန်နဲ့ အမြန်ဆုံးပြသသင့်သလဲ**

နားမှ ပြည် သို့မဟုတ် သွေးများထွက်လာခြင်း၊ အပူချိန်အလွန်မြင့်မားစွာဖျားခြင်း၊ နားအနောက်ဘက် သို့မဟုတ် မျက်နှာတစ်ခြမ်း ရောင်ရမ်းလာခြင်း၊ ခေါင်းမူးခြင်း သို့မဟုတ် အကြားအာရုံ ရုတ်တရက်လျော့နည်းသွားခြင်း၊ ပြင်းထန်သော နားကိုက်ဝေဒနာမှာ နှစ်ရက်ထက်ပို၍မသက်သာခြင်းစသည့်လက္ခဏာများ ဖြစ်ပေါ်ခံစားရပါက အချိန်မဆိုင်းသင့်ဘဲ ဆရာဝန်ထံ ဆောလျင်စွာပြသသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

❖ နားကိုက်ရောဂါဖြစ်ပွားရသော အကြောင်းရင်းများစွာရှိပြီး အလယ်နားတွင် ရောဂါပိုးဝင်ခြင်းသည် နားကိုက်ခြင်း၏ အကြောင်းရင်းဖြစ်သည်။ တစ်ခါတစ်ရံ အပြင်နားနှင့်နားစည်ကို ဆက်သွယ်ထားသောပြွန်တွင် အနာဖြစ်ပွားပြီး ၎င်းမှာအလွန်နာကျင်လေ့ရှိသည်။ နားကိုက်ရောဂါဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများကို နားအတွင်းပိုင်းပြဿနာများကြောင့်ဖြစ်ခြင်းနှင့် နားပြင်ပ၊ အခြားအင်္ဂါအစိတ်အပိုင်းများကြောင့် ဖြစ်ခြင်းဟူ၍နှစ်မျိုးရှိသည်။ ❖

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၆၈၅၀ စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၆၈၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် မြေပဲဧက ၆၈၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မြေပဲဧက ၆၈၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ မြေပဲစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးပါမယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# သဲကုန်းမြို့နယ် ရဲ့ရဲ့ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရဲ့ရဲ့ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထက်သူက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဦးရဲထက်သူက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၈ ဦးကို ငွေကျပ် ၂၉ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၂၀ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ







## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊အမှတ်(၁၃)ရပ်ကွက်အတွင်းရှိ အကွက်အမှတ်(၈)ပေါ်တွင် ဦးဇော်မင်းဦး(၉/မခန(နိုင်)၁၄၈၅၃၆) ကိုင်ဆောင်သူမှ (အလျား ၂၅'-၀"x အနံ ၂၀') Iron Frame တစ်ထပ်နှင့် (အလျား ၁၇၂' x အမြင့် ၅'-၆")ရှိ ဝင်းခြံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံ၊ အုတ်ဝင်းခြံနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊အမှတ်(၁၈)ရပ်ကွက်အတွင်းရှိ အကွက်အမှတ်(၂၃၃-က)၊ ဦးပိုင်အမှတ်(၈၂-၈)ရှိ မြေကွက်ပေါ်တွင် ဦးထွန်းရွှေ(သား) ဦးအောင်ဌေး(၉/မခန(နိုင်)၁၄၂၆၀၂) ကိုင်ဆောင်သူမှ (အလျား ၂၁'-၀"x အနံ ၁၆')နံကပ်(၁)(ပြင်ဆင်)အား ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## မိခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့၊ အလကစက်ရုံမြေ(ပလိပ်)၊ Grade-5 တွင် ပညာသင်ကြားနေသော မအိမ့်မှူးသံသာ၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဒေါ်ရွှေစင်နွယ်** ဖြစ်ပါကြောင်း။

ဒေါ်ရွှေစင်နွယ်(၉/စကတ(နိုင်)၀၆၅၅၄၀)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ဂုဏ်ရွာ)၊ Grade-7 မှ မောင်လင်းလင်းပိုင်၏ ဖခင်အမည်မှန်မှာ **ဦးဝင်းနိုင်** ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်
(၉/ဝတန(နိုင်)၀၁၉၀၆၄)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ Arr Marn (MDY) ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော စိုင်းဇေယျာအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဇင်မျိုးထွန်း** ဖြစ်ပါကြောင်း။

ဦးဇင်မျိုးထွန်း(၉/နထက(နိုင်)၂၃၂၁၅၂)

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင် အထက၊ Grade-12 (D)တွင် ပညာသင်ကြားနေသော ဦးအောင်ဇော်လင်း၏ သမီး မမြတ်စုဝေ၏ အမည်မှန်မှာ **မမြတ်ဆုဝေ** ဖြစ်ပါကြောင်း။

မမြတ်ဆုဝေ(၉/စကတ(နိုင်)၁၃၈၂၄၅)

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ ရဲမာန်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မမေမြတ်နိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်စိုးဝင်း ဖြစ်ပါကြောင်း။ **ဦးကျော်စိုးဝင်း(၅/ကဘလ(နိုင်)၂၂၅၀၅၁)**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-12 (A)တွင် ပညာသင်ကြားနေသော (ဘ) ဦးဝင်းဇော်၏ သမီး မပန်းခြူးသွယ်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မပန်ခြူးသွယ်** ဖြစ်ပါကြောင်း။

မပန်ခြူးသွယ်

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့၊ ရဲမာန်ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မသွယ်ဇင်ဝင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမိုးဇော် ဖြစ်ပါကြောင်း။

ဦးမိုးဇော်(၅/ကဘလ(နိုင်)၂၃၂၀၆၀)

## ပျောက်ဆုံးကြောင်း

တာချီလိတ်မြို့၊လွန်းကျိုင်းရွာ၊ပါဆတ်နေ မောင်စိုင်းအောင်နိုင်ထွန်း(ဘ) ဦးကွမ်းရီ၊ (၁/မကန(နိုင်)၀၈၉၃၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်-MB-213554 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-752401785

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့၊ ပိန္နဲကုန်းကျေးရွာနေ ကိုထွန်းထွန်းနိုင် (ဘ) ဦးတင်ဌေး၊ (၁၂/ကမန(နိုင်)၀၇၈၆၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-404682667

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ရတနာပုံ
ယနေ့ ဖတ်စရာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား စာမျက်နှာ - ၁၉

ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေဖန်တီးစို့ ဆောင်းပါး စာမျက်နှာ - ၁၀

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နေပြည်တော် စက်တင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit) သွားရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ဟန္နိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင် ဦးဆောင်သည့် စာမျက်နှာ ၁၈ ကော်လံ ၁ ☆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ဗီယက်နမ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

## ကီလိုမီတာ ၄၀ ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၆

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၏ FEI 1* Endurance Qulification 40 km (ကီလိုမီတာ ၄၀) ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ မြင်းစီးအားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲကျင်းပရာတွင် ကီလိုမီတာ ၄၀ ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ စာမျက်နှာ ၂၆ ကော်လံ ၁ ❖



## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပထမရွှေတံဆိပ် ဆွတ်ခူး

နေပြည်တော် စက်တင်ဘာ ၆

မြန်မာ့ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း စာမျက်နှာ ၂၅ ကော်လံ ၁ ◆





## အာရှယူ-၂၀ပြိုင်ပွဲ ခြေစစ်ပွဲဝင်ခွင့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် မြန်မာအသင်းက မော်လ်ဒိုက်အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၆

အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲဝင်ခွင့် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်းတို့ပွဲစဉ်တွင် မြန်မာအသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၂၅ ကော်လံ ၁ ●

ရတနာပုံ
ယနေ့ ဖတ်စရာ

ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၈)အစုန် DEMU ရထားတွဲဆိုင်းကို ခဲဖြင့်ပေါက်သူ ဖမ်းဆီးရမိ စာမျက်နှာ - ၂၅